# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်   ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ ကြာသပတေးနေ့   အတွဲ (၆၂)၊ အမှတ် (၁၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော်  ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီဒီယာနှင့် သက်တမ်းအမြင့်မားဆုံးသော ဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




# မြန်မာ - ရုရှားဆက်ဆံရေးနှင့် ဗဟုဝင်ရိုးကမ္ဘာ

ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် အင်အားကြီးနိုင်ငံများကသာ ကမ္ဘာ့အရေးအရာများကို အဆုံးအဖြတ်ပြုကြပြီး ကမ္ဘာကြီးကို ပုံသွင်းဖန်တီးခဲ့ကြခြင်းဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်၊ စီးပွားရေးအင်အားနှင့် စစ်ရေးအင်အား ပိုင်ဆိုင်ထားရှိမှုအပေါ် လိုက်၍ အင်အားကြီးနိုင်ငံ သို့မဟုတ် နိုင်ငံငယ် စသည်ဖြင့် အဆင့်ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ အင်အားပိုင်ဆိုင်မှု အဆင့်အတန်းက နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အရေးပါသည်။ ထို့အပြင် နိုင်ငံတကာဆက်ဆံရေးသည် လူသားတိုင်း၏ နေ့စဉ်ဘဝများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ပတ်သက်ဆက်နွှယ်နေသည့်အလျောက် လူတိုင်းက နားလည်ထားကြရန်နှင့် လေ့လာကြရန်လည်း လိုအပ်သည်။

၂၀ ရာစုအတွင်းတွင် မဟာအင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အကြား အားပြိုင်မှုများဖြင့် ကမ္ဘာကြီးကို Bipolar System (ဒွိဝင်ရိုးစနစ်)အရ အင်အားမျှခြေဖြစ်ပေါ်စေကာ တည်ငြိမ်မှု ရရှိစေခဲ့သည်။ ၂၀ ရာစုနှောင်းပိုင်းကာလ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခြင်းနှင့်အတူ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားခဲ့ပြီး အမေရိကန်ပြည်ထောင်စုက တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံအဖြစ်ဖြင့် ကမ္ဘာ့ရေးရာများကို လွှမ်းမိုးခြယ်လှယ်ရန် ကြိုးပမ်းလာပြီး အခြားကမ္ဘာ့နိုင်ငံများကိုလည်း ၎င်းစိတ်ကြိုက်ပုံစံသွင်းရန် ဖိအားပေးမှုများ ပြုလုပ်ခဲ့ရာ ဗိုလ်ကျစိုးမိုးရေးဝါဒဖြင့် ကမ္ဘာ့ပုံစံသစ်တစ်ခုကို ဖော်ဆောင်ခြင်းအဖြစ် ၎င်း၏ဩဇာကို မခံလိုသည့်နိုင်ငံများက ရှုမြင်ခဲ့ကြသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့အင်အားချိန်ခွင်လျှာသည် အမေရိကန် ဦးဆောင်သည့် Unipolar System (ဧကဝင်ရိုးစနစ်)မှ တစ်စတစ်စ ဖယ်ခွာလျက်ရှိသည်ကို လည်းကောင်း၊ အမေရိကန်နှင့် အပေါင်းအပါနိုင်ငံများက ယင်းအခြေအနေကို ဟန့်တားပြောင်းလဲရန် ကြိုးပမ်းနေမှုများကို လည်းကောင်း တွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအဖို့ မိမိတို့ဘာသာ အေးချမ်းစွာရပ်တည်နိုင်ရန်မှာ များစွာခက်ခဲလာပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် မိမိတို့၏ အမျိုးသားအကျိုးစီးပွား ထိခိုက်ဆုံးရှုံးမှုမရှိစေရန်အတွက်လည်း ပိုမို၍ ရုန်းကန်ကြိုးပမ်းလာကြရသည်။ နိုင်ငံတကာဆက်ဆံရေး မျက်နှာစာတွင် မြန်မာနိုင်ငံအရေးကြုံတိုင်း မိတ်ရင်းဆွေရင်းအဖြစ် ရပ်တည်ပေးခဲ့သော နိုင်ငံများမှာ မြန်မာ့အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံမှ မိုင် ၄၀၀၀ ခန့် ဝေးကွာသည့် ရုရှားနိုင်ငံတို့ပင်ဖြစ်သည်။

ရုရှားနှင့် မြန်မာတို့၏ သံတမန်ဆက်ဆံရေးသည် ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် ၇၅ နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး နိုင်ငံအချင်းချင်း တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်လေးစားမှုကို အခြေခံသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တည်ဆောက်ထားနိုင်ခြင်းက နှစ်နိုင်ငံ ဆက်ဆံရေးကို အနာဂတ်ကာလများသို့တိုင် အစွန့်ရှည်စေမည်ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း ဗိုလ်ကျစိုးမိုးရေးဝါဒကို ဆန့်ကျင်ကာ တန်းတူပါဝင်မှု၊ အပြန်အလှန်အမှီသဟဲပြုမှုပေါ်တွင် အခြေခံသည့် ကမ္ဘာ့နိုင်ငံအများစု ပါဝင်သော Multipolar World (ဗဟုဝင်ရိုးကမ္ဘာ)အဖြစ် တည်ဆောက်ရေး၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ကမ္ဘာလုံးဆိုင်ရာ စုပေါင်းလုံခြုံရေးစနစ် ပေါ်ထွန်းလာရေးတို့အတွက် ရုရှား – မြန်မာ ချိတ်ဆက်လှုပ်ရှားဆောင်ရွက်ကာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဝိုင်းဝန်းထိန်းသိမ်းခြင်းနှင့်အတူ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားများကိုလည်း အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။ ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Mongkol Visitstump အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ် ပိုမိုတိုးမြှင့်ခိုင်မာစေရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းဟောင်းများ၊ သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

### လှိုက်လှဲနွေးထွေးစွာကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို စတင်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက **“စိန်ရတုအလှမှန် ထာဝရမြန်မာ့အသံ”** တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ **“ရတုအဆက်ဆက်မှသည် ၇၇ နှစ်တိုင်ခဲ့ပြီ MRTV ”** Documentary အစီအစဉ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

### တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့အခမ်းအနားကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို(Rangoon Radio)အမည်မှ ဗမာ့အသံ(Barma Broadcasting Service–BBS) အမည်ပြောင်းလဲ ပြင်ဆင်ခဲ့သည့် **“ဗမာ့အသံနေ့”** ကို မူတည်ပြီး သတ်မှတ်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့နောက် **“မြန်မာ့အသံ”** အမည်မှ **“မြန်မာ့အသံနှင့် ရုပ်မြင်သံကြား”** (Myanma Radio and Television–MRTV) အမည်ကို ပြင်ဆင်ပြောင်းလဲလာမှုနှင့်အတူ ခေတ်အဆက်ဆက် သတ်မှတ်ကျင်းပခဲ့သည်မှာ (၇၅) နှစ်မြောက် စိန်ရတုကို ကျော်လွန်လာခဲ့ပြီး ယနေ့တွင် (၇၇)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာ မျှဝေပေးရန်၊ ဖျော်ဖြေပေးရန် ဟူသည့်အတိုင်း တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားပြည်သူလူထုအားလုံးအတွက် အကျိုးပြုခဲ့သည်မှာ (၇၇)နှစ်ကာလရှိခဲ့ပြီဖြစ်ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

❖ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၏ လုပ်ငန်းစဉ်များကို ဆန်းစစ်ကြည့်ပါက တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းဖြင့် လုပ်ဆောင်၍မရဘဲ အားလုံးပူးပေါင်းလုပ်ဆောင်မှုဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်ရသည်ကို တွေ့မြင်ရမည်**

❖ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အတွက် (၇၇) နှစ်ပြည့်မြောက်သည့်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ MRTV ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ တစ်စိတ်တစ်ဝမ်းတည်းဖြစ်မှုတို့ကိုလည်း သက်သေပြခြင်းပင်ဖြစ်**

### အောင်မြင်တိုးတက်လာသည့်ဌာနဖြစ်

မိမိတို့ ငယ်စဉ်ကာလက **“မြန်မာ့အသံ”** ဟူသည့် ရေဒီယိုအစီအစဉ်သာရှိခဲ့ပြီး မြန်မာ့အသံ၏ ထုတ်လွှင့်မှု၊ ဖျော်ဖြေတင်ဆက်မှုများကို နားထောင်ကြည်နူးခဲ့ရပါကြောင်း၊ ကဏ္ဍစုံနှင့် ရသစုံကို ပေးနိုင်သည့် ဇာတ်လမ်းပမာ နားဆင်စရာ၊ အသံလွှင့်ဇာတ်၊ ကွက်စိပ်၊ ဇာတ်သဘင်၊ သောတရှင်တို့လိုရာ၊ ဘောလုံးပွဲတိုက်ရိုက်ထုတ်လွှင့်မှု စသည့် ကဏ္ဍစုံများကို စွဲစွဲလမ်းလမ်း ဖြစ်ခဲ့ပါကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်ချိန်တွင်လည်း စစ်သည်အတွက် တေးလက်ဆောင်၊ တပ်မတော်စာတိုက် စသည့် တင်ဆက်မှုများကြောင့် ရှေ့တန်းစစ်မြေပြင်တွင် ရွှင်လန်းတက်ကြွပျော်ရွှင်ခဲ့ရပါကြောင်း၊ စတင်တည်ထောင်စဉ်ကတည်းက ပြည်သူများ၏ရင်တွင်း၌ စွဲလမ်းနှစ်ခြိုက်စေသည့် အစီအစဉ်များ၊ တင်ဆက်ဖျော်ဖြေမှုများနှင့် အောင်မြင်တိုးတက်လာသည့်ဌာနဖြစ်ကြောင်းကို ဂုဏ်ယူစွာ ပြောကြားလိုပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားပြီး အစဉ်အလာကြီးမားသည့် ပြည်သူ့ဝန်ဆောင်မှုဌာနကြီးတစ်ခုဖြစ်သကဲ့သို့ ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်ခဲ့ပြီး ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့်အညီ ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်ခြင်းကြောင့် ယခုကဲ့သို့ (၇၇) နှစ်ပြည့်မြောက်သည်အထိ အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်ဖြင့် ဝင့်ဝင့်ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း၊ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ၏ လုပ်ငန်းစဉ်များကို ဆန်းစစ်ကြည့်ပါက တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းဖြင့် လုပ်ဆောင်၍မရဘဲ အားလုံးပူးပေါင်းလုပ်ဆောင်မှုဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်ရသည်ကို တွေ့မြင်ရမည်ဖြစ်**ပါကြောင်း။

### တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်

ထို့ကြောင့် ယနေ့အခမ်းအနားသည် **မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အတွက် (၇၇)နှစ်ပြည့်မြောက်သည့်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ MRTV ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်မှုတို့ကိုလည်း သက်သေပြခြင်းပင် ဖြစ်**ပါကြောင်း၊ တစ်နည်းအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ ဝန်ထမ်းများအနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည်ဟုလည်း ဆိုနိုင်ပါကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုနှင့် အောင်မြင်မှုရလဒ်များကို ဖော်ထုတ်ပြသနိုင်ခဲ့ခြင်းကြောင့်လည်း ဂုဏ်ယူဝမ်းမြောက်ရကြောင်းကို ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း နိုင်ငံနှင့် ပြည်သူအတွက် တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်သွားနိုင်ကြမည်ဟုလည်း ယုံကြည်မျှော်လင့်ထားပါကြောင်း။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဦးဝင်းရှိန်တို့ "News Channel Studio" ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူပြီးနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ပြီး ဝန်ထမ်းများကို အားပေးဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြခန်းငယ်ကို စိန်ရတုအထိမ်းအမှတ်အဖြစ် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ပြသနိုင်မည့် အဆောက်အဦတစ်ခု ပေါ်ပေါက်လာရေး လှူဒါန်းတည်ဆောက်ပေးခဲ့ပြီး ပြီးခဲ့သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အကြိုအဖြစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မိမိကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခြင်းသည်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သမိုင်းအဆက်ဆက် ဆောင်ရွက်ခဲ့မှု မှတ်တမ်းများ၊ အသုံးပြုခဲ့သည့် စက်ပစ္စည်းကိရိယာများနှင့် တူရိယာပစ္စည်းများ၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှုများကို ဂုဏ်ပြုပြီး သမိုင်းမှတ်တမ်းများ မပျောက်ပျက်အောင် ရှိနေစေရေးနှင့် နောင်လာနောက်သားများ၊ ဝန်ထမ်းများ၊ ပြည်သူများ လေ့လာသိရှိနိုင်စေရေး စေတနာဖြင့် အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ သမိုင်းဟူသည်မှာ ချန်ထား၍ မရသကဲ့သို့ ဖျောက်ဖျက်၍လည်းမရပါကြောင်း၊ တစ်ဆက်တည်းတွင် MRTV News Channel နှင့် MRTV DTH စနစ်ဖြင့် ထုတ်လွှင့်ပြသနိုင်ရေး အတွက်လည်း ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

**နိုင်ငံပိုင်မီဒီယာအားလုံးကို မှတ်တမ်းတင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူစကတည်းက နိုင်ငံတော်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှု များပြားပြီး တစ်ဆက်တည်း၌ပင် ဆူပူအကြမ်းဖက်မှုများကြောင့် အခက်အခဲများကြားမှ နိုင်ငံတော်ကို ပြန်လည်တည်ဆောက်နေရခြင်း ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိသလောက်ဖြစ်ပြီး အနည်းဆုံးအခြေအနေသို့ ရောက်အောင်ထိန်းနိုင်ခဲ့ရာတွင် မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများ၊ စာအုပ်စာစောင်များမှ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ မိမိကိုယ်တိုင်လည်း တီဗွီ၊ ရေဒီယို၊ သတင်းစာများကို နားထောင်ဖတ်ရှုပြီး ထိထိရောက်ရောက် အသိပညာပေးနိုင်ရေး လမ်းညွှန်မှာကြား အကြံပြုခဲ့သည်ကို ဝန်ထမ်းများအသိပင် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အချို့နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု၊ သေဆုံးမှုများနေသေးသည်ကို တွေ့ရသော်လည်း မိမိတို့နိုင်ငံ၌ အနည်းငယ်မျှသော ကူးစက်မှုများသာရှိပြီး သေဆုံးမှုမရှိတော့ခြင်းသည် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှု၊ စီမံအုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှု၊ နိုင်ငံပိုင်မီဒီယာများ၏ စဉ်ဆက်မပြတ်နည်းမျိုးစုံဖြင့် အသိပညာပေးမှု၊ ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်မှုများကြောင့်ပင်ဖြစ်သဖြင့် အားလုံးကိုကျေးဇူးတင်သကဲ့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အပါအဝင် နိုင်ငံပိုင်မီဒီယာအားလုံးကိုလည်း မှတ်တမ်းတင်ကြောင်းကို ပြောလိုပါကြောင်း။

> "မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများ ခိုင်မာစွာ စောင့်ထိန်းခဲ့သည့်မှု ရှိပြီးဖြစ်၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုသည်မှာ လူများ၏စိတ်ကို ဖမ်းစားနိုင်စွမ်းရှိပြီး တိုင်းရင်းသားများ ထိန်းသိမ်းအပ်သည့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ပြည်သူလူထု၏ စိတ်နှလုံးထဲတွင် ရှိနေစေရေး ဆက်လက်ဆောင်ရွက်ပေး၊ တစ်ဖက်ကလည်း နိုင်ငံသူ နိုင်ငံသားများ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေး အမြင်ရှိအောင်လည်း လုပ်ဆောင်ပေး"



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား "News Channel Studio" အဝင်ဆိုင်းဘုတ်ငယ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ သို့သော်လည်း နှစ်နှစ်တာကာလလုံး ဖြစ်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများ၊ လူသတ်၊ မီးရှို့၊ ဖောက်ခွဲဖျက်ဆီးမှုများသည် သိသိသာသာ လျော့နည်းကျဆင်းသွားခြင်းမရှိသေးကြောင်း၊ မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသည့် ဩဇာခံဖြစ်အောင် အဓမ္မလုပ်ချင်ကြသည့် ပြည်ပနိုင်ငံကြီးများနှင့် ပြည်သူအကျိုးကို မျက်ကွယ်ပြုကာ မိမိတို့ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းအကျိုးစီးပွားကိုသာ ရှေးရှုနေကြသည့် ပြည်တွင်းမှ သစ္စာဖောက်များနှင့် ပြည်ပြေးများသည် နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေဆဲဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

**အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်**

မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုကို တစ်ဖက်သတ် ကာလရှည်ကြာ ရပ်စဲထားပေးခဲ့ခြင်း၊ NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းရန် ဖိတ်ခေါ်ခြင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အလားတူ အကြမ်းဖက်လုပ်ရပ်များကြောင့် ကြောက်လန့်ပြီး ရှောင်တိမ်းနေကြသူများကို ပြန်လည်သတင်းပို့ကြရန် ဖိတ်ခေါ်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်းများဖြင့် ပျော့ပျောင်းညင်သာစွာ ဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း အထူးသဖြင့် လူငယ်များကို သွေးထိုးမြှောက်ပင့်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့် မရိုးသားသည့် နည်းလမ်းများဖြင့် စည်းရုံးသိမ်းသွင်းပြီး လမ်းမှားသို့ တွန်းပို့ကာ နိုင်ငံတော်ကိုဖျက်ဆီးနေကြဆဲ ဖြစ်သောကြောင့် ပြည်သူများနှင့် လူငယ်များ အတွေးအခေါ်မှန်ကန်ပြီး အသိပညာမြင့်မားလာစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများက ဆက်လက်ပြီး ဆောင်ရွက်သွားကြရန် မှာကြားလိုပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါတယ်။

### လက်ဆင့်ကမ်းတာဝန်ယူ

ယခုအချိန်တွင် ပြည်သူကို အသိပညာဗဟုသုတပေးနိုင်ရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် လူငယ်လူရွယ်များကို လမ်းမှားမရောက်စေရေး၊ ပညာတတ် သားကောင်းရတနာများ ဖြစ်လာစေရေးသည်လည်း ပိုမိုအရေးကြီးပါကြောင်း၊ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြမည့် နိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်ကြမည့် လက်ဆင့်ကမ်းတာဝန်ယူကြမည့်သူများ ဖြစ်နေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိဘ၊ ဆရာများတွင် တာဝန်ရှိသည်ဟု ဆိုရမည်ဖြစ်သော်လည်း မိမိတို့မီဒီယာများမှ စဉ်ဆက်မပြတ် အသိပညာပေး၊ ဗဟုသုတများ ဖြန့်ဝေပေးနေပါက ပိုမိုထိရောက်စေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင်ပေးလျက်ရှိပြီး KG+9 ပြီးမြောက်အောင် သင်ယူကြစေရေး အားပေးလုပ်ဆောင်လျက်ရှိပါကြောင်း၊ အဓိကမှာ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုကို အတွေးအခေါ်အယူအဆနှင့် အလုပ်အကိုင်များ မှန်ကန်စေရေးတို့အတွက် မီဒီယာပိုင်းက ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန် အခြားသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွင်း လှည့်လည်ကြည့်ရှုစဉ်။

### အလေးထားဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက်၊ နိုင်ငံတော်၏ရှေ့ရေးအတွက် ဆောင်ရွက်နေကြောင်းကို ပြည်သူလူထု သိရှိစေရေး ပြန်ကြားရေးကဏ္ဍမှ အလေးထားဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာထွန်းလင်းတောက်ပလျက်ရှိနေသည်ကို ကမ္ဘာကို ပြသနိုင်ရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိရန်နှင့် ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ကြပြီး ဒေသတိုးတက်စည်ကားစေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း၌ **“မာရဝိဇယ”** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုပါက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတစ်ဝန်းလုံးက ကုသိုလ်ရှင်များ လှူဒါန်းသည့် ဌာပနာတော်များကိုလည်း ထည့်လှူပူဇော်ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး၊ ပိဋကတ်ကျမ်းစာများကို ကျောက်စာတော်များ ထုဆစ်ပူဇော်ပြီး ကျောက်စာရုံစေတီတော်များ တည်ဆောက်ရေး၊ ရင်ပြင်တော်များ၊ သုဓမ္မာဇရပ်များနှင့် အခြားသော သာသနိကအဆောက်အဦများ တည်ဆောက်ရေး၊ ဗုဒ္ဓဥယျာဉ်တော်ကြီး သာယာလှပစေရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ခမ်းနားထည်ဝါသည့် ဗုဒ္ဓအမွေအနှစ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံတံတိုင်းတည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် လှူဒါန်းလိုသည့် ဘုရား ဒါယကာ၊ ဒါယိကာမများက လှူဒါန်းနိုင်ရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် တီဗွီ၊ ရေဒီယို၊ သတင်းစာများက နှိုးဆော်တိုက်တွန်းပေးနေသည်ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio အတွင်း စိတ်ဝင်တစား လိုက်လံကြည့်ရှုစဉ်။

### ခေတ်မီစက်ပစ္စည်းများတပ်ဆင်ပြီးဖြစ်

MRTV News Channel ကို အသွင်သစ်၊ အမြင်သစ်၊ ပုံစံသစ်နှင့် အရန်စတူဒီယိုမှ ပူးပေါင်းထုတ်လွှင့်ခဲ့ရာမှ ယခုအခါ စတူဒီယိုအသစ်ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ်သန်း ၁၁၅၀ (ငွေကျပ်သန်း တစ်ထောင့်တစ်ရာ့ငါးဆယ်) အသုံးပြုကာ သတင်းထုတ်လွှင့်ခန်းနှင့် ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ပြီးဖြစ်ပြီး ယခုအခမ်းအနားအပြီးတွင် ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် သီးသန့်စတူဒီယိုအဖြစ် စတင်အသုံးပြုပြီး ထုတ်လွှင့်နိုင်တော့မည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၆ သို့*

❖ **ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မူလလုပ်ငန်းတာဝန်များအပြင် သီးခြားပေးအပ်လာသည့် လုပ်ငန်းတာဝန်များအပေါ် ကြိုးစားထမ်းဆောင်နေသကဲ့သို့ နိုင်ငံအတွင်း၌ အနုပညာလုပ်ငန်းများ ပုံမှန်အခြေအနေအတိုင်း ပြန်လည်လုပ်ကိုင်နိုင်စေရေးနှင့် အနုပညာလောကသားများ၏ စားဝတ်နေရေးကိစ္စများ အဆင်ပြေစေရေး တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကိုလည်း အသိအမှတ်ပြုပြောကြားလို**

*စာမျက်နှာ ၅ မှ*

နိုင်ငံနှင့် ပြည်သူအကျိုးကို မီဒီယာနှင့် ဝန်ဆောင်မှုပေးနေသည့် MRTV သည် တိုင်းရင်းသားဘာသာစကား အမျိုးအမည် ၂၀ နှင့် ဘာသာစကားများစွာ ထုတ်လွှင့်နိုင်မှုကြောင့် ကမ္ဘာ့အလယ်တွင် ထူးခြား၊ ထင်ရှားသည့် ရုပ်သံလွှင့်ဌာနကြီးအဖြစ် ရပ်တည်နေသည်ကိုလည်း သိရှိရသည့်အတွက် ဌာနနှင့်ထပ်တူ ဂုဏ်ယူပါကြောင်းလည်း ပြောကြားလိုပါကြောင်း၊ ခေတ်အဆက်ဆက်တွင် MRTV ၏ ဝန်ထမ်းဟောင်းများက သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်ဝန်ထမ်းများကလည်း သမိုင်းပေးတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် MRTV အနေဖြင့် အနာဂတ်တွင် ရေရှည်တည်တံ့အောင်မြင်သည့် ဌာနကြီးအဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေး ယနေ့ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ စိတ်စေတနာနှင့် ခံယူချက်၊ ယုံကြည်ချက်၊ ကြိုးစားဆောင်ရွက်မှုများအပေါ်၌ တည်ရှိနေသည်ဆိုသည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများ ခိုင်မာစွာစောင့်ထိန်းခဲ့သည့်မှုရှိပြီး ဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုသည်မှာ လူများ၏ စိတ်ကို ဖမ်းစားနိုင်စွမ်းရှိပြီး တိုင်းရင်းသားများ ထိန်းသိမ်းအပ်သည့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ပြည်သူလူထု၏ စိတ်နှလုံးထဲတွင် ရှိနေစေရေး ဆက်လက်ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံသူ နိုင်ငံသားများ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေး အမြင်ရှိအောင်လည်း လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

**တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးနေ**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မူလလုပ်ငန်းတာဝန်များအပြင် သီးခြားပေးအပ်လာသည့် လုပ်ငန်းတာဝန်များအပေါ် ကြိုးစားထမ်းဆောင်နေသကဲ့သို့ နိုင်ငံအတွင်း၌ အနုပညာလုပ်ငန်းများ ပုံမှန်အခြေအနေအတိုင်း ပြန်လည်လုပ်ကိုင်နိုင်စေရေးနှင့် အနုပညာလောကသားများ၏ စားဝတ်နေရေးကိစ္စများ အဆင်ပြေစေရေး တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကိုလည်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နေ့စဉ်တင်ဆက်နေသည့် သတင်းနှင့်အစီအစဉ်များ ပိုမိုအရည်အသွေးကောင်းမွန်စေရေး၊ Content ပိုင်းဆိုင်ရာ အသစ်အသစ်များ ဖန်တီးထုတ်လုပ်ပြီး သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပေးကြရန်၊ နိုင်ငံတကာရုပ်သံလုပ်ငန်းများ၏ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာပြီး ယှဉ်တွဲလိုက်ပါဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ တိုးမြှင့်လာစေရေးအတွက် ဝန်ထမ်းအားလုံး၏ စွမ်းဆောင်နိုင်မှုအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပြီး တိုးတက်အောင်လုပ်ဆောင်ကြရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ပြည်သူအကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြပြီး နိုင်ငံတော်နှင့် ပြည်သူတို့က အားကိုးအားထားပြုရသည့်ဌာနကြီးတစ်ခုဖြစ်အောင် ယခင်ကထက် ပိုမိုစည်းလုံးသည့်၊ ပိုမိုညီညွတ်သည့် စိတ်ကောင်းစေတနာအပြည့်ဖြင့် သယ်ပိုးစွမ်းဆောင်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇)နှစ် ပြည့်မြောက်သည့်နေ့မှသည် ရွှေ့ရာစုနှစ်ပေါင်းများစွာအထိ အောင်မြင်မှုများနှင့်အတူ လျှောက်လှမ်းပြီး ဂုဏ်ယူဝင့်ကြွားစွာ ရှင်သန်ရပ်တည်နိုင်ပါစေကြောင်း ပြောကြားသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio အတွင်း စိတ်ဝင်တစား လိုက်လံကြည့်ရှုစဉ်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **10th ASEAN Quiz (Regional Level) ပြိုင်ပွဲ**အား နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပနိုင်မှုနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် **“တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” Season–2** အား အောင်မြင်စွာ စီစဉ်တင်ဆက်နိုင်မှုတို့အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ၇၇ သိန်းကို ချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ **“အသစ်တစ်ဖန် ခေတ်သဏ္ဌာန် MRTV ”** တေးသီချင်း၊ **“ရှင်သန်နေမည် MRTV”** တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း**

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား “News Channel Studio” ဖွင့်လှစ်ခြင်းကို ဆက်လက်ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက အဝင်ဆိုင်းဘုတ်ငယ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဦးဝင်းရှိန်တို့နှင့်အတူ “News Channel Studio” ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် “News Channel Studio” နှင့် ပတ်သက်သည့် Video Clip ကို ကြည့်ရှုအားပေးပြီး Studio အတွင်း လှည့်လည်ကြည့်ရှုကြကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

**ရှေ့ဆောင်စံပြအဖြစ် ရှိနေရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရေဒီယိုထုတ်လွှင့်ခန်းများ၊ Myanma Radio (English FM Channel) အင်္ဂလိပ်ပိုင်းသတင်းနှင့် အစီအစဉ်များ ထုတ်လွှင့်နေမှု၊ တိုးချဲ့ထုတ်လွှင့်လျက်ရှိမှု၊ သပြေရေဒီယိုအသံလွှင့်ချိန် တိုးချဲ့ထုတ်လွှင့်လျက်ရှိမှုများကို လည်းကောင်း၊ Convergence News Room ၊ MRTV HD ၊ MRTV News ထုတ်လွှင့်ခန်းများနှင့် Master Control Room ၊ MRTV HD News Studio နှင့် MRTV News ၊ Radio Tape Library ၊ Radio News Room ၊ Auditorium တို့ကိုလည်းကောင်း ကဏ္ဍတစ်ခုချင်းစီအလိုက် စိတ်ဝင်စားစွာ လိုက်လံကြည့်ရှု၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြမှုများအပေါ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် မီဒီယာကဏ္ဍတွင် ရှေ့ဆောင်စံပြအဖြစ် ရှိနေရမည်ဖြစ်ပြီး အမြင့်ဆုံးမှ ရပ်တည်နေရမည်ဖြစ်ကြောင်း၊ ခေတ်နှင့်လျော်ညီသည့် ထုတ်လွှင့်မှုပုံစံဖြစ်ရမည်ဖြစ်သကဲ့သို့ မြန်မာမှုထုံးတမ်းစဉ်လာများကိုလည်း ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ မြန်မာစာ၊ မြန်မာစကားကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဌာန်ကရိုဏ်းကျကျဖြင့် ပြောဆိုတင်ဆက်နိုင်ရမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ပိုင်း အစီအစဉ်များကိုလည်း အသံအနေအထားမှန်ကန်စွာဖြင့် ဆောင်ရွက်ပြီး နားထောင်သူများမှ အတုယူနိုင်ရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများနှင့် လုပ်ငန်းတာဝန်များကို ပျော်ရွှင်စွာဖြင့် ကျေပွန်အောင်ထမ်းဆောင်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားဆွေးနွေးပြောကြားသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် “ဗမာ့အသံ” (Burma Broadcasting Service–BBS) အမည်ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ ထို့နောက် အင်္ဂလိပ်ခေတ်၊ ဒုတိယကမ္ဘာစစ်ကာလ၊ ဂျပန်ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်များတွင် နေရာပြောင်းရွှေ့ပြီး အမည်နာမမျိုးစုံဖြင့် ဖြတ်သန်းခဲ့ကြောင်း၊ ၁၉၇၂ ခုနှစ် မတ်လ ၁၆ ရက်တွင် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၃ ရက်တွင် ရောင်စုံရုပ်မြင်သံကြားကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ နိုဝင်ဘာလ ၁ ရက်မှစ၍ ရုပ်မြင်သံကြားအစီအစဉ်များကို ရောင်စုံဖြင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနောက် မူလရေဒီယိုအသံလွှင့်လုပ်ငန်းနှင့် ပူးပေါင်းပြီး ၁၉၈၁ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန (Myanmar Television and Radio Department –MTRD) အမည်ဖြင့် ပြင်ဆင်ခဲ့ပြီး ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အမည်ကို ပြောင်းလဲကာ ယနေ့တိုင်ခေါ်ဝေါ်သတ်မှတ်ခဲ့ကြောင်း။

**တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့် ထုတ်လွှင့်နေ**

ယခုအခါ MRTV–HD ၊ MRTV–News တို့အပြင် တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့် ထုတ်လွှင့်နေသည့် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (MRTV–NRC)၊ တောင်သူလယ်သမားရုပ်သံလိုင်း(MRTV–Farmer’s)၊ လွှတ်တော်ရုပ်သံလိုင်း (Hluttaw Channel) နှင့် အားကစားရုပ်သံလိုင်း (MRTV Sports Channel) တို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းကို ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဇိုး)၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် “ဝ” ဘာသာ စသည့် တိုင်းရင်းသား ၁၇ မျိုးဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည့်အပြင် MRTV Website အပါအဝင် Online ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းများကိုလည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့အသံရေဒီယိုအနေဖြင့် ရေဒီယိုအစီအစဉ်များကို နေ့စဉ် နံနက် ၅ နာရီမှ ည ၁၁ နာရီထိ ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့်လည်း ထုတ်လွှင့်ပေးလျက်ရှိသည်။ ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့် Myanma Radio English FM Channel နှင့် သပြေရေဒီယိုတို့အား တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိသည်။

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန် ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် (၇၇) နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ထူးချွန်ဆုများချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထူးချွန်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "ရှင်သန်နေမည် MRTV " တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး(၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ရွှေတံဆိပ်ဆုရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ပေါင်းကူးတံတားသဖွယ်**

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် MRTV အနေဖြင့် နိုင်ငံတော်အစိုးရ တပ်မတော်နှင့် ပြည်သူများအကြား ခိုင်မာသည့် ပေါင်းကူးတံတားသဖွယ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံ့အကျိုး၊ နိုင်ငံသားများ အကျိုးအတွက် စိတ်ကောင်း စေတနာအပြည့်၊ ဖွဲလုံ့လအပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိကြသည့် ဝန်ထမ်း ၄၃ ဦးကိုယ်စား ဝန်ထမ်းတစ်ဦးကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ သင်တန်းများတွင် ပထမဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အစီအစဉ်ထုတ်လွှင့်ထူးချွန်ဆုရရှိကြသူများကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သတင်းတည်းဖြတ်ထုတ်လွှင့်မှု၊ သတင်းတင်ဆက်မှုထူးချွန်ဆု၊ စက်မှုဆိုင်ရာ ထူးချွန်ဆုနှင့် ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာ ထူးချွန်ဆု ရရှိကြသူများကိုလည်းကောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများက လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆုနှင့် အဆောင်နှင့်အိမ်ထောင်သည် လိုင်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု ထူးချွန်ဆု ရရှိကြသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ရွှေတံဆိပ်ဆုရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများက (၇၇) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "MRTV နှင့် ကောင်းသောနေ့" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တေးဂီတ ဖျော်ဖြေပွဲအစီအစဉ်ကို အဆိုပါရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့်တွဲဖက်၍ စံတော်ချိန် တီးလုံးဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

**ကံစမ်းမဲ ချီးမြှင့်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ကံစမ်းမဲဖောက်၍ ဆုများ ချီးမြှင့်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီးများက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဆုငွေများကို ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ထံ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က နိုင်ငံ့ဝန်ထမ်းလုပ်သက် ၃၇ နှစ်နှင့် အထက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် မြန်မာ့ဆိုင်းဝိုင်းကြီးတို့ တွဲဖက်၍ အနုပညာရှင်များ၊ တေးသံရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကံစမ်းမဲဆု ချီးမြှင့်စဉ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၆၁ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၉၈၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ဆင်းတုတော် အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးနှင့် အောင်မြင်စွာ ထိဆက်ပင့်ဆောင်ပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်လေးရပ်ဖြင့် တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီး စုစုပေါင်းအလေးချိန်မှာ တန် ၁၇၀၀ ရှိပြီး ဇန်နဝါရီ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။



### အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့

ရတနာပလ္လင်တော်ထက်သို့ ဆက်လက်ပင့်ဆောင်ပူဇော်ရန်ကျန်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပင့်ဆောင်ရေးလုပ်ငန်းစဉ် များအလိုက် ပင့်ဆောင်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီ ၄၃ မိနစ်တွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အစိတ်အပိုင်းများအား ရတနာပလ္လင်တော်ထက်၌ ထိဆက်ပင့်ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့နံနက် ၁ နာရီ ၃၅ မိနစ်ခန့်တွင် ဆင်းတုတော်အပိုင်း(၄)အား ဆင်းတုတော် (၁/၂/၃) တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးထံသို့ Skid Rail များ အသုံးပြု၍ စတင်ပင့်ဆောင်ပူဇော်ခဲ့ရာ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ထိဆက်ပင့်ဆောင်နိုင်ခဲ့သည်။ ယင်းနောက် ရတနာပလ္လင်တော်ပေါ်သို့ နေရာချထားခြင်းအား Hydraulic Jack များအသုံးပြု၍ ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် အစိတ်အပိုင်းကြီး၊ ရတနာပလ္လင်တော်၊ ဆင်းတုတော် အပိုင်း(၄)တို့အား တစ်ခုနှင့်တစ်ခု ကိုက်ညီမှုရှိစေရန် တစ်လက်မချင်း အချိန်ယူ၍ အသေးစိတ်ဆောင်ရွက်ခဲ့ရပြီး ညနေ ၄ နာရီ ၅ မိနစ်အချိန်တွင် ပလ္လင်တော်ပေါ်၌ ဆင်းတုတော်ကြီး၏ အစိတ်အပိုင်းအားလုံးကို အောင်မြင်စွာ နေရာချထားနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဆင်းတုတော်ကြီး၏ အစိတ်အပိုင်းများအား တွဲဆက်ခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။



အဆိုပါ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီး၊ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထုဆစ်ပူဇော်ထားရှိသည့် ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များအပြင် အခြားသော သာသနိကအဆောက်အဦများကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

### မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိ

မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများ၊ သာသနိက အဆောက်အဦများ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူများက နေ့ညမပြတ် ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး ညချမ်းချိန်ခါများတွင်လည်း အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

---

# ချမ်းမြသာစည်မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး)၏ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ကန်တော်ကြီး)၏ စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးကိုဆေးရုံကြီး၏ အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်သည်။

အစည်းအဝေးတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး)၏ စီမံခန့်ခွဲရေး ဗဟိုကော်မတီ အစည်းအဝေးအလှည့်ကျ သဘာပတိအဖြစ် တင်မြှောက်ခဲ့သည့် ပါမောက္ခ ဒေါက်တာမြမောင်က ဆေးရုံကြီး စတင်ဖွင့်လှစ်ကုသပေးနေသည့်အချိန်မှစ၍ ယနေ့အထိ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကြုံတွေ့နေရသည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံယူနေကြသည့် ဂိလာနသံဃာနှင့် သီလရှင်များ၊ လူပုဂ္ဂိုလ်များအား စိတ်ချမ်းမြေ့စေရေး၊ ဆေးရုံကြီးအတွင်းအပြင် သန့်ရှင်းသာယာရေး၊ ဆေးရုံလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများ ရေရှည်လည်ပတ်နိုင်ရေးတို့ကို အားလုံး ညီညွတ်စွာဖြင့် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း ဆေးရုံအတွက် လိုအပ်ချက်များရှိပါက ချက်ချင်းဆောင်ရွက်ပေး၍ရသည်များကို ချက်ချင်း ဆောင်ရွက် ပေးနေကြောင်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် သဒ္ဓါတရားထက်သန်စွာဖြင့် စေတနာအလျောက် လုပ်အားဒါန ပေးနေကြသူများ ဖြစ်သည့်အတွက် အလွန်မွန်မြတ်သူများ ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ တက်ရောက်လာသည့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး) စီမံခန့်ခွဲရေး ဗဟိုကော်မတီဝင်များ၊ အကျိုးဆောင်ဆရာဝန်ကြီးများက စီမံအုပ်ချုပ်ရေး၊ ကုသရေး၊ ဘဏ္ဍာငွေရရှိရေးနှင့် ရေ့ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိလုပ်ငန်းများနှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည့်အပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက မြန်မာ့မီးရထား စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ထုတ်လုပ်/ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း၊ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ) က မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ်များ တပ်ဆင်ထုတ်လုပ်မှုများနှင့် စမ်းသပ်မောင်းနှင်ပြီးစီးမှုများ၊ ဒီဇယ်လျှပ်စစ်ရထားတွဲ(DEMU) စမ်းသပ်တည်ဆောက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက စက်ခေါင်းသစ် ထုတ်လုပ်တပ်ဆင်မှု လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ အလေးထားဆောင်ရွက်ရန်၊ တပ်ဆင်ထုတ်လုပ်ရန် ကျန်ရှိနေသည့် စက်ခေါင်းများ သတ်မှတ်အချိန်ဇယားနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်း မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ် လေးခေါင်း တပ်ဆင်ထုတ်လုပ်ပြီးစီးနေမှုများနှင့် ဒီဇယ်လျှပ်စစ်ရထားတွဲ (DEMU) စမ်းသပ်တည်ဆောက်နေမှုများကိုလည်းကောင်း၊ တပ်ဆင်ထုတ်လုပ်ပြီးစီးသည့် စက်ခေါင်းသစ်တစ်ခေါင်း စမ်းသပ်မောင်းနှင်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။




စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) ၌ မြန်မာ့မီးရထား ကျွမ်းကျင်အင်ဂျင်နီယာဝန်ထမ်းများက မြင်းကောင်ရေ ၁၂၀၀ အားရှိ ခေတ်မီဒီဇယ်လျှပ်စစ်စက်ခေါင်းသစ်များကို ကိုယ်တိုင်ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိရာ စက်ခေါင်းသစ် လေးခေါင်း တည်ဆောက်ပြီးစီးပြီဖြစ်ကာ ပဉ္စမမြောက် စက်ခေါင်းသစ်ကို ဆက်လက်တည်ဆောက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် မတ်လတွင်ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်ခေါင်းသစ်များကို မြန်မာ့မီးရထားလမ်းပိုင်းများရှိ လူစီးရထား ခရီးစဉ်များတွင် အသုံးပြုပြေးဆွဲသွားမည်ဖြစ်ပြီး စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်) မှ ကနဦးတွင် တောင်ပေါ်လမ်းပိုင်း ပြေးဆွဲရထားများနှင့် ကုန်ရထား ခရီးစဉ်များတွင် အသုံးပြုနိုင်မည့် မြင်းကောင်ရေ ၂၀၀၀ အား ဒီဇယ်လျှပ်စစ် စက်ခေါင်းသစ် ၁၀ ခေါင်းကို ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များတွင် တပ်ဆင်ထုတ်လုပ်ခဲ့ပြီး လမ်းပိုင်းများတွင် အသုံးပြုပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညားလယ်၊ နိုင်အောင်မငေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။





တွေ့ဆုံဆွေးနွေးပွဲတွင် ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ မွန်စာပေ သင်ကြားရေး ကိစ္စများနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များ ရယူနိုင်ရန် ဆွေးနွေးညှိနှိုင်းကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြသည်။ **(အပေါ်ပုံ)** ယင်းနောက် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြပြီး **(ဝဲပုံ)** ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာနှင့် တိုင်းရင်းသားရေးရာ စာအုပ်များကို လက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးသည် လမ်းကွန်ရက်များပြားခြင်းကြောင့် လမ်းအမှတ်အသားများမှန်ကန်စေရေး အလေးထားရန်လို

**မန္တလေး ဖေဖော်ဝါရီ ၁၅**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေးဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ မန္တလေးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် စိန်လွင်နှင့် တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် Road Safety Audit အဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန်ညီညွတ်စေရေး လုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် မန္တလေးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ အနေဖြင့် အထူးအလေးထား ဆောင်ရွက်ရန်၊ မန္တလေးတိုင်းဒေသကြီးသည် လူနေထူထပ်ခြင်း၊ ဧရိယာ ကြီးမားကျယ်ပြန့်ခြင်းနှင့် လမ်းကွန်ရက် များပြားခြင်းတို့ကြောင့် ခရိုင်/ မြို့နယ်အလိုက်



ပူးပေါင်းအဖွဲ့များ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် မြေပြင်ကွင်းဆင်း

*စာမျက်နှာ ၁၁ သို့*

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် ထိုင်း-မြန်မာနှစ်နိုင်ငံအကြား လေကြောင်းပျံသန်းမှု၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဦးကိုကိုလှိုင် အာရှဇုန်ရှိ သံရုံး၊ ကောင်စစ်ဝန်ရုံးတို့မှ တာဝန်ရှိသူများ၊ လော့အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်တို့နှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့သည် အာရှဇုန်ရှိ ပြည်ပနိုင်ငံများမှ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ သံရုံးအကြီးအကဲများ၊ သံရုံးယာယီတာဝန်ခံများ၊ ကောင်စစ်ဝန်ချုပ်များ၊ လော့အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်တို့နှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ သံအမတ်ကြီး ဦးမောင်မောင်လင်း၊ သံအမတ်ကြီး ဦးအောင်စိုးဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံ့တာဝန်များကို ရှေ့တန်းခံစစ်စည်းမှ ထမ်းဆောင်နေကြသည့် သံရုံးအကြီးအကဲများ၏ စွမ်းဆောင်ရည်များကို အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုရင်ဆိုင်ကြရာတွင် ပြည်ပနိုင်ငံများရှိ ရှေ့တန်းခံစစ်စည်းမှ နိုင်ငံတော်၏ အကျိုးစီးပွားများကို ကာကွယ်ထမ်းဆောင်လျက် ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို မလွှဲမရှောင်သာ တာဝန်ယူနေရခြင်းဖြစ်ပြီး လက်ရှိကာလတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုလည်း ဆက်လက်ကျင့်သုံးလျက် ရှိပါကြောင်း။

ထို့အတူ နိုင်ငံတော်၏ ပကတိလိုအပ်ချက်များ ဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ သံရုံးအကြီးအကဲများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို မိမိတို့ တာဝန်ထမ်းဆောင်သည့် နိုင်ငံများတွင် အိမ်ရှင်အစိုးရများ သိရှိစေရန်အတွက် ဆောင်ရွက်သွားရန် တာဝန် ရှိပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကိုလည်း ကူညီစောင့်ရှောက်သွားရန် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများကိုလည်း ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်အညီ ကျရာနေရာမှ စိတ်ဓာတ်၊ စည်းကမ်းနှင့် စာရိတ္တကောင်းသူများ ဖြစ်စေရန် လေ့ကျင့် ပျိုးထောင်ပေးကြပါရန် မှာကြားလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သစ္စာစောင့်သိမှုဆိုသော တာဝန်ကို အထူးဂရုထားကြရန်လည်း မှာကြားလိုပါကြောင်း၊ တာဝန်အရ ပေးအပ်ထားသည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုခြင်း၊ တာဝန်ပျက်ကွက်ခြင်းများ မဖြစ်ပေါ်စေဘဲ တာဝန်ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာ နိုးကြားတက်ကြွစွာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သံရုံးအကြီးအကဲများနှင့် ဝန်ထမ်းများအကြား အပြန်အလှန် လေးလေးစားစား ဆက်ဆံကြရန်နှင့် တစ်ဦးအပေါ် တစ်ဦး ဂါရဝတရားဖြင့် မိသားစုသဖွယ် ကူညီဖေးမ နေထိုင်ကြရန် မှာကြားလိုပါကြောင်း၊ အခက်အခဲများ ရှိပါက တင်ပြသွားကြရန်ဖြစ်ကြောင်းနှင့် အချိန်နှင့် တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း နိဂုံးချုပ်အနေဖြင့် ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မြန်မာနိုင်ငံ ပြည်တွင်းအခြေအနေများ၊ မျက်မှောက်နိုင်ငံရေး အခြေအနေများ၊ မြန်မာနိုင်ငံအပေါ် ပထဝီနိုင်ငံရေးအရသက်ရောက်မှု၊ သံရုံးအကြီးအကဲများအနေဖြင့် ပြည်ပနိုင်ငံများတွင် မြန်မာနိုင်ငံ၏ လုပ်ဆောင်နေမှုနှင့် အခြေအနေမှန်အတိုင်း ပျံ့နှံ့အောင် အသိပေးဆောင်ရွက်သွားရန်၊ မိမိတို့ လုပ်ငန်းတာဝန်အပေါ် ကျွမ်းကျင်ပိုင်နိုင် သစ္စာရှိစွာဖြင့် ထမ်းရွက်သွားကြရန်၊ သံရုံးဝန်ထမ်းများအကြား စည်းလုံးညီညွတ်မှုကို တည်ဆောက်၍ နိုင်ငံတော်အကျိုးကို စုစည်းညီညွတ်စွာဖြင့် ကျေပွန်စွာ ထမ်းဆောင်သွားကြရန် ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီး ဌာန၌ ကျင်းပသည်။ (ဓာတ်ပုံ)



တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အစည်းအဝေး၊ အခမ်းအနား အတော်များများတွင် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်ရှိသည်များကို လမ်းညွှန်မှာကြားလျက်ရှိရာ အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့်တက္ကသိုလ်ကောလိပ် အကြီးအကဲများ၊ ပညာရေးမှူးကြီးများ အနေဖြင့် အဆိုပါ လမ်းညွှန်မှာကြားချက်များကို နေ့စဉ်ထုတ် သတင်းစာများ ဖတ်ရှုခြင်းဖြင့် မျက်ခြည်မပြတ် လေ့လာသိရှိထားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေ့ကာလများတွင် ပို့ဆောင်ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကို ဦးစားပေး ဆောင်ရွက်မည်ဟု ဦးတည်ချက်ချမှတ်ထားရာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြရန်နှင့် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များကို အကြံပြုချက် ပေးပို့ကြစေလိုပါကြောင်း။

လာမည့် မတ် ၈ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ကျင်းပမည်ဖြစ်၍ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများက တက္ကသိုလ်ဝင်စာမေးပွဲလုပ်ငန်း အောင်မြင်ရေး ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်စေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ တက္ကသိုလ် ကောလိပ်များမှ အင်ဂျင်နီယာများဖြင့် ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေး စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေး စစ်ဆေးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပညာသင်ကာလ တစ်နှစ်အတွင်း ပညာတော်သင်များ ရွေးချယ်စေလွှတ်နိုင်ရေး အတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ စိတ်ဝင်စားသူ ဆရာ ဆရာမ အားလုံးအား အင်္ဂလိပ်စာ စာမေးပွဲနှင့် သက်ဆိုင်ရာ ဘာသာရပ်စာမေးပွဲကို ကြိုတင်စစ်ဆေးကာ ရရှိသောအမှတ်အဆင့်အလိုက် တန်းစီဇယား ထုတ်ပြန် ကြေညာထားမည်ဖြစ်ပြီး အလှည့်ကျ ပညာတော်သင်ဆုလျှောက်ထားခွင့်ပြုမည် ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပညာရေးဝန်ကြီးဌာနသို့ မှတ်ပုံမတင်ဘဲ ဖွင့်လှစ်သင်ကြားနေသည့် ကိုယ်ပိုင်ကျောင်းများကို စစ်ဆေးကြီးကြပ်

*စာမျက်နှာ ၁၁ သို့*

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (၆၁) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန်   ဖေဖော်ဝါရီ ၁၅

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၆၁) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင်မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်၊ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မ ဇောတိက၊ ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ စာအောင် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညှော်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က သမ္ဗောဓနီယသုရဏီယ သြဝါဒကထာ ဖတ်ကြားပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဓမ္မာစရိယ၊ ပါဠိ ပထမပြန်၊ နိကာယ် စာမေးပွဲအထူးအောင် သံဃာတော်များ၊ သီလရှင်များနှင့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်အထူးအောင် ပုဂ္ဂိုလ်များအား အောင်လက်မှတ်များ ဆက်ကပ်ကြသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၊ သီဟိုဠ် ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ ထံမှ ညှော်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက စာအောင်သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဘွဲ့လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။



ယနေ့ ကျင်းပသည့် (၆၁) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ စာအောင် သံဃာတော် ၂၆၉ ပါး၊ သီလရှင်အပါး ၃၀ နှင့် လူပုဂ္ဂိုလ်ကိုးဦးတို့ကို ဘွဲ့လက်မှတ်များနှင့် အောင် လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

စစ်ဆေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ယာဉ်သွားလာမှု အင်ဂျင်နီယာဌာနခွဲမှ အင်ဂျင်နီယာမှူးကြီးက မန္တလေးတိုင်းဒေသကြီး၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စိစစ်တွေ့ရှိချက်များ၊ မန္တလေးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ဆောင်ရွက်ထားရှိမှု၊ မန္တလေးမြို့တော်ဝန်က မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြချက်များအပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ဆွေးနွေးမှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ကြရမည်ဖြစ်ပါကြောင်း၊ ပညာသင်နှစ်တစ်နှစ် အောင်မြင်အောင် စီမံဆောင်ရွက် ပေးကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက အထက်အောက် အပြန်အလှန် လေးစားတန်ဖိုးထား၍ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပညာရေးဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က ပညာရေးလုပ်ငန်းစဉ် အကောင်ထည်ဖော်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၆၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၀ | ၂၂၀၀ | ၂၃၀၀ | ၂၃၁၅ | ၂၂၀၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၅၅ | ၂၂၅၅ | ၂၄၈၅ | ၂၈၀၀ |
| 95 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၀ | ၂၃၈၀ | ၂၂၇၀ | ၂၂၈၅ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၅၀ | ၂၈၈၀ |
| HSD (500 ppm) | ၂၂၇၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၃၂၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၅ | ၂၃၂၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၅၉၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၇၀ | ၃၃၈၀ |
| HSD (10 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၇၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၅၇ | ၂၁၃၂ |
| 95 Ron | ၂၁၁၈ | ၂၁၉၄ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၃၇ |
| HSD (50 ppm) | ၂၂၃၈ | ၂၃၁၃ |
| HSD (10 ppm) | ၂၂၃၈ | ၂၃၁၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရုရှား-မြန်မာ (၇၅) နှစ်မြောက် စိန်ရတု ဂုဏ်ပြုဆောင်းပါး

# ရုရှား - မြန်မာ (၇၅) နှစ်တာ စိန်ရတု ခရီးလမ်းမှသည်...

**— — — — နွေကုံကော်(မြို့လှ) — — — —**



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ မော်စကို မီးရထားတက္ကသိုလ်။

သူတို့အခေါ် ရပ်ဆီးယား ကျွန်တော်တို့အခေါ် ရုရှား။

သူတို့အခေါ် မာ့စ်ကဗား ကျွန်တော်တို့အခေါ် မော်စကို။

ဘဝရဲ့အမှတ်တရအရှိဆုံးထဲက အမှတ်တရ တစ်ခုကို ရွေးထုတ်ပြပါဆိုလျှင် ရုရှားနိုင်ငံ၌ ပညာသင်ခဲ့ဖူးသည့် အချိန်ကာလကို ညွှန်ပြရမည် ဖြစ်ပါသည်။ ၂၀၀၉ ခုနှစ် စက်တင်ဘာလမှ ၂၀၁၂ ခုနှစ် ဇူလိုင်လဆန်းပိုင်းအထိ ရုရှားနိုင်ငံ မော်စကို မြို့တွင်ရှိသော မော်စကို မီးရထားတက္ကသိုလ်၌ ကျွန်တော်အပါအဝင် အခြားသင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ ယနေ့ဆိုလျှင် ရုရှားမှ ပြန်လာခဲ့သည်မှာ ၁၁ နှစ် ကျော်ခဲ့ပြီဖြစ်၏။ ပြန်တွေးကြည့်လျှင် အိပ်မက်တစ်ခုနှယ်ပင် ရှိနေသေး၏။

**ရုရှားနိုင်ငံ၏ ဆုံစည်းမှုသည် နှလုံးသားတွင် ထာဝရရှင်းနှီးသလိုခံစားရ**

ကျွန်တော်နှင့် ရုရှားနိုင်ငံ၏ ဆုံစည်းမှုသည် သက်တမ်းအားဖြင့် သုံးနှစ်ခန့်သာ ရှိခဲ့သော်လည်း နှလုံးသားတွင် ထာဝရ ရင်းနှီးနေသလို ခံစားရသည်။ မကြာမီတွင် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံမှုသက်တမ်း (၇၅) နှစ် ပြည့်မြောက် တော့မည်ဖြစ်သည်။ တိတိကျကျ ဆိုရပါလျှင် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်မှ စတင်၍ သံတမန် ဆက်ဆံမှုပြုခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရက်မြတ်အခါသမယ စိန်ရတုသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

တပ်မတော်သားဘဝမရောက်ခင် ရုရှားဟူသော အမည်နာမတစ်ခုကို ကိုးတန်းကျောင်းသားဘဝ ကတည်းက ကြားဖူးခဲ့သည်။ ကမ္ဘာကျော် တင်းနစ် ဘုရင်မ မာရီယာရှာရာပိုဗာ ဟူသော အလှကေရီကို အားကစားစိတ်ဝင်စားသူတိုင်း မသိသူ မရှိကြပေ။ မြင့်မားသောအရပ်၊ တောင့်တင်းသောခန္ဓာ၊ လှပ ကြော့ရှင်းသောမျက်နှာနှင့် ကျွမ်းကျင်သောတင်းနစ် စွမ်းရည်များကြောင့် ပုရိသတို့ အသည်းစွဲ အားကစားမယ်မှတစ်ဆင့် ရုရှားနိုင်ငံကို စတင်သတိ ပြုမိခဲ့သည်။ ရုရှားမတိုင်ခင် ပထမဆုံး အမျိုးသမီး အာကာသမယ်ကိုတော့ ဆိုဗီယက်ယူနီယံအမည်ဖြင့် ကြားဖူးခဲ့သော်လည်း ငယ်ရွယ်သေးသော ကာလမို့ ဆိုဗီယက်အသုံးအနှုန်းကို နားထဲသိပ်မစွဲခဲ့ပါ။

**နည်းပြအရာရှိများကို အားကျမိခဲ့**

ထို့နောက်ပိုင်း စစ်တက္ကသိုလ်ဗိုလ်လောင်းဘဝ ရောက်ချိန်တွင် ရုရှားနှင့် ပိုမိုနီးကပ် လာသည်။ ယူရို ခြေစစ်ပွဲများတွင် နာမည်ကြီးအင်္ဂလန်ကို ဖြုတ်ချခဲ့သော ရုရှားဘောလုံးအသင်းကို စတင်စိတ်ဝင်စား လာမိသည်။ တစ်ဦးကောင်းဆိုသည်ထက် အသင်း လိုက်စုစည်းမှု ကောင်းကောင်းဖြင့် နာမည်ကြီး အသင်းများကို ယှဉ်ကစားနိုင်သော ရုရှားအသင်းကို သဘောကျမိသလို ရုရှားဂျာစီသည်လည်း ပရိသတ် များကြားထဲ အသိအမှတ်ပြုခြင်း ခံလာရသည်။ ထို့အပြင် ကျွန်တော်တို့ကို စာပေသင်ကြားပေးသော နည်းပြအရာရှိများထဲတွင် အချို့မှာ ရုရှားနိုင်ငံမှ ပညာတော်သင်ပြန်လာခဲ့ကြသူများ ဖြစ်သည်။ အဆိုပါနည်းပြအရာရှိများကိုကြည့်လျက် ကျွန်တော် အပါအဝင် ဗိုလ်လောင်းများ အားကျမိခဲ့ကြသည်။

အားကျစိတ်ဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ စာပေ၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများ ပိုမို ကောင်းမွန်အောင် ကြိုးစားခဲ့ကြသည်။ စာပေပိုင်းအထူးချွန်ကြီး မဟုတ် သော်လည်း ကဏ္ဍများအလိုက် ရမှတ်များကောင်း ခဲ့သည်မို့ မဟာသိပ္ပံတန်းဝင်ရာမှတစ်ဆင့် ကျွန်တော် ရုရှားနိုင်ငံသို့ ခြေချခွင့်ရခဲ့သည်။ ပြင်ဦးလွင်တွင် ရုရှားဘာသာစကားသင်တန်းအကြိုတက်ချိန်မှ စ၍ စာသင်ပေးသော ဆရာမများကို ကြည့်လျက် သူတို့၏ စည်းစနစ်ရှိမှုကို မျက်ဝါးထင်ထင်မြင် ခဲ့ရပါသည်။ လေဆိပ်မှမြို့ထဲနေရမည့် အဆောင်သို့ ချီတက်စဉ်မှာပဲ သန့်ရှင်းသပ်ရပ်သည့် မြို့ပြအင်္ဂါရပ်၊ စည်းစနစ်ကျသည့် ယာဉ်သွားယာဉ်လာမှုနှင့် ပြည်သူ တို့၏ လှုပ်ရှားမှုများကို မြင်တွေ့လိုက်ရသည်။ သုံးနှစ်တာကာလအတွင်း ပညာသင်ကြားခဲ့စဉ် မမေ့ နိုင်ဖွယ်ဖြစ်ရပ်များကို ကြုံခဲ့ရသလို အားကျအတုယူ စရာများလည်း ရရှိခဲ့ပါသည်။ ကျွန်တော်တို့ အတန်း ပိုင်ဆရာမ အားလ်မာဆီမှ အမှိုက်စည်းစနစ်တကျ ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့သလို အေဗရာမိုဗစ်ချ်ဟူသော ဆရာ့ဆီမှ အချိန်လေးစား တိကျလိုက်နာမှု၊ ထူးချွန်ကျောင်းသားကို အသိ အမှတ်ပြုချီးကျူးမှု၊ ဆရာမ နာဂျဲ့ချ်သာဆီမှ အမှန် ကို အမှန်အတိုင်း ဒီမိုကရေစီနည်းကျကျ ပြောဆို တင်ပြရဲမှု စသည့်အတွေ့အကြုံများကို ဆရာများ ဆီမှ ရရှိခဲ့သည်။

ဘတ်စ်ကားစီးရာတွင်ဖြစ်စေ၊ မြေအောက် ရထားစီးရာတွင်ဖြစ်စေ စာအုပ်လေးများ လက်ဝယ် ကိုင်လျက် အချိန်ကိုအသုံးချကြသော ခရီးသွား ပြည်သူများကလည်း ကျွန်တော့်အတွက် အထူး အဆန်း ဖြစ်နေခဲ့သည်။ ကုန်တိုက်ကြီးများတွင် အရက်ဝယ်သည့်အခါ ပတ်စ်ပို့ကြည့်ပြီး အသက် ၁၈ နှစ်ပြည့်ပြီလားဟု အရင်မေးတတ်ကြသည်။ ည ၁၀ နာရီ နောက်ပိုင်း အရက်ဘီယာ ဝယ်၍မရ တော့။ ကျောင်းတွင်ဖြစ်စေ၊ အဆောင်တွင်ဖြစ်စေ ဆေးလိပ်သောက်ခွင့်ပြုထားသော်လည်း နေရာများ သတ်မှတ်ပေးထား၏။ ကျောင်းသားများကလည်း စည်းကမ်းကို တိကျစွာ လိုက်နာကြသည်။ လမ်းပေါ် တွင် ပြီးစလွယ် အမှိုက်မစွန့်၊ တံတွေးတစ်ချက်ပင် အလွယ်တကူ မထွေး။ ကျွန်တော်တို့အဖို့တော့ အားလုံးသည် အစိမ်းသက်သက်သဖွယ် ဖြစ်နေ သည်။ မမြင်ဖူးသော အလေ့အထများပင် မဟုတ် ပါလား။

**အမျိုးသားရေးအသိဖြင့် ဒီမိုကရေစီကို လိုက်နာကျင့်သုံးလေးစားမိ**

လူတစ်ဦးချင်းဆီမှစ၍ အားလုံးသည် တူညီ သော အမျိုးသားရေးအသိဖြင့် ဒီမိုကရေစီကို လိုက်နာကျင့်သုံးနေကြသည်မို့ ကျွန်တော့်အနေဖြင့် များစွာလေးစားမိသည်။ အတုယူလို စိတ်များလည်း ဖြစ်ပေါ်လာခဲ့သည်။ ရုရှားနှင့် မြန်မာတို့၏ နှစ်နိုင်ငံ ဆက်ဆံရေးသည် ဂေါတမမြတ်စွာဘုရားလက်ထက် ကပင် ဗျာဒိတ်တော်ရှိခဲ့သည်ဟု မှတ်သားရပါသည်။ ကျွန်တော့်အနေဖြင့် ရုရှားနိုင်ငံသို့ ပညာတော် သင်ရောက်ခဲ့သော်လည်း ထိုစဉ်က ရုရှားနှင့် မြန်မာနိုင်ငံတို့၏ ရှေးအစဉ်အဆက်ရှိခဲ့ဖူးသော ဆက်ဆံရေးကို ကောင်းစွာမသိရှိခဲ့ပါ။ ၂-၂-၂၀၂၃ ရက်နှင့် ၃-၂-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါးရှင် မောင်လွင်မြင့်၏ "**မြန်မာ့ ပဒေသရာဇ် ခေတ်နှောင်းကာလ နယ်ချဲ့ကိုလိုနီစနစ် အား တွန်းလှန်ရန် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး တည်ထောင်ရန် ကြိုးပမ်းခဲ့မှုများ**" ဆောင်းပါးကို ဖတ်ရှုခွင့်ရမှ ဇာတ်ရည်လည်စွာသိခွင့်ရခဲ့ခြင်းဖြစ် ၏။

*စာမျက်နှာ ၁၃ သို့*

> **ဘတ်စ်ကားစီးရာတွင်ဖြစ်စေ၊ မြေအောက်ရထားစီးရာတွင်ဖြစ်စေ စာအုပ်လေးများ လက်ဝယ်ကိုင်လျက် အချိန်ကို အသုံးချကြသော ခရီးသွားပြည်သူများကလည်း ကျွန်တော့်အတွက် အထူးအဆန်း ဖြစ်နေခဲ့သည်။ ကုန်တိုက်ကြီးများတွင် အရက်ဝယ်သည့်အခါ ပတ်စ်ပို့ကြည့်ပြီး အသက် ၁၈ နှစ်ပြည့်ပြီလားဟု အရင်မေးတတ်ကြသည်။ ည ၁၀ နာရီနောက်ပိုင်း အရက်ဘီယာ ဝယ်၍မရတော့။ ကျောင်းတွင်ဖြစ်စေ၊ အဆောင်တွင်ဖြစ်စေ ဆေးလိပ်သောက်ခွင့်ပြုထားသော်လည်း နေရာများသတ်မှတ်ပေးထား၏။ ကျောင်းသားများကလည်း စည်းကမ်းကို တိကျစွာလိုက်နာကြသည်။ လမ်းပေါ်တွင် ပြီးစလွယ် အမှိုက်မစွန့်၊ တံတွေးတစ်ချက်ပင် အလွယ်တကူ မထွေး။ ကျွန်တော်တို့အဖို့တော့ အားလုံးသည် အစိမ်းသက်သက်သဖွယ်ဖြစ်နေသည်။ မမြင်ဖူးသောအလေ့အထ များပင် မဟုတ်ပါလား**

စာမျက်နှာ ၁၂ မှ

တန်ဖိုးများစွာရှိသော သမိုင်းမှတ်တမ်းတစ်ခုပင် ဖြစ်ပါသည်။ ၂၀ ရာစု အလယ်ကာလ လွတ်လပ်ရေးရပြီး မကြာမီမှာပင် တရားဝင်သံတမန်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ခြင်းအားဖြင့် နှစ်နိုင်ငံ ရွှေလမ်းငွေလမ်းကို ထိုခေတ်အခါ ခေါင်းဆောင်များက အမြော်အမြင်ကြီးစွာ ဖောက်ခဲ့ကြခြင်းဖြစ်ပေသည်။ ကျွန်တော်တို့ မြန်မာကျောင်းသားများအား အခြားနိုင်ငံမှ ကျောင်းသားများထက်ပို၍ ရုရှားဆရာများက ချစ်ခင်ကြသည်ကိုသတိထားမိ၏။ အဘယ့်ကြောင့် ချစ်ရပါသနည်းဆိုလျှင် မြန်မာကျောင်းသားများသည် မြန်မာ့ယဉ်ကျေးမှုကျင့်ဝတ်များအတိုင်း ဆရာများကို ဆက်ဆံသောကြောင့်ဖြစ်ပါသည်။ ရုရှားနိုင်ငံကို ရောက်ချိန်မှစ၍ ရုရှားဘောလုံးအသင်းကို ပိုမိုအားပေးဖြစ်ခဲ့သည်။ အကျိုးဆက်အားဖြင့် ယနေ့အချိန်အထိ ကိုယ့်မြန်မာဘောလုံးအသင်းပြီးလျှင် အခြားသောနိုင်ငံတကာပွဲများ၌ ရုရှားအသင်းဘက်မှ အမာခံပရိသတ်တစ်ဦးသဖွယ် အားပေးဖြစ်ခဲ့ကြသည်။ ထိုစဉ်က ရုရှားနိုင်ငံ၏ အသင်းခေါင်းဆောင် အာရှာဗင်သည် ကျွန်တော်တို့အကြိုက်ဆုံး အားကစားသမား ဖြစ်ခဲ့ပါသည်။

**နိုင်ငံဘက်စုံတိုးတက်မှုများ စွမ်းဆောင်နိုင်ခဲ့ကြသည်မှာ လေးစားဖွယ်ရာပင်ဖြစ်**

**ရုရှားနိုင်ငံတွင်ရှိနေစဉ် ဆရာများ၏ ရှင်းပြမှုဖြင့် သူတို့ဆီမှ သမိုင်းကြောင်းများကို သိခွင့်ရခဲ့သည်။ ဒုတိယကမ္ဘာစစ်ဒဏ်ကြားမှ ရုန်းထွက်ပြီးနောက် အစိုးရအဆက်ဆက် ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်မှု စွမ်းအားတို့ဖြင့် ပြာပုံကြားမှ နိုင်ငံအား ဘက်စုံတိုးတက်မှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်မှာ လေးစားဖွယ်ရာပင် ဖြစ်သည်။ ပို၍လေးစားဂုဏ်ယူဖွယ်ကောင်းသည်ကား ဒုတိယကမ္ဘာစစ်အပြီး ၁၆ နှစ် အကြာမှာပဲ အာကာသအထိ ခြေလှမ်းဆန့်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ သူတို့နိုင်ငံ၏ ပညာရေးစနစ်၊ အတိတ်ကာလမှ ဇာဘုရင်စနစ်၊ သူရဲကောင်းလီနင်၊ ရင်ပြင်နီ၊ သန့်ရှင်းသပ်ရပ်သော မြို့ပြလူနေမှုစနစ်၊ စိမ်းလန်းစိုပြည်သော မြို့တွင်းပန်းခြံငယ်များမှသည် နိုင်ငံပိုင်အမျိုးသားအားကစားကွင်းဖြစ်သည့် လုဇနီကီဘောလုံးကွင်း စသည်တို့သည် ကျွန်တော့်အာရုံတွင် အမြဲကိန်းအောင်းနေခဲ့သည်။**

ထိုအရာများ စုဝေးလာသည့် ကျွန်တော့်နှလုံးသားတွင် စာတစ်ပုဒ်အဖြစ် ဖန်တီးချင်လာခဲ့၏။ ဤသို့ဖြင့် ရုရှား-မြန်မာ သွေးစည်းမှုဟု ဆိုနိုင်သလို ရုရှားနိုင်ငံကြုံတွေ့ခဲ့ရသော သမိုင်းတစ်ကွေ့မှ ဖြစ်စဉ်များကို သင်ခန်းစာယူလျက် အမိမြန်မာနိုင်ငံတော်က တိုင်းရင်းသားပြည်သူအပေါင်းတို့ အတုယူလိုသောစိတ်ဖြင့် ဝတ္ထုရှည်တစ်ပုဒ်ဖန်တီး ဖြစ်ခဲ့ပါသည်။

"မော်စကိုမှာ ဝေတဲ့နှင်း" ဟူသည့် ထိုဝတ္ထုရှည်စာမူသည် ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့ပါသည်။ ကျွန်တော့်ဘဝအတွက် အမှတ်တရတစ်ခုပင် ဖြစ်ခဲ့သည်။ မိမိတို့ မြန်မာနိုင်ငံသည်သာ နယ်ချဲ့ကျူးကျော်မှုအောက်တွင် ခါးခါးသီးသီး ဆိုးဆိုးရွားရွားနေခဲ့ရခြင်း မဟုတ်ဘဲ နိုင်ငံတိုင်းတွင် အတိတ်ဆိုးကာလများ ရှိခဲ့ဖူးသည်။ ထိုအတိတ်ဆိုးများမှ ရုန်းထွက်လျက် ခေတ်သစ်နိုင်ငံတော်ကို ထူထောင်စေလိုခြင်းမှာ ကျွန်တော့်ရင်ထဲက ဆန္ဒမှန်ပင်ဖြစ်သည်။ ၂၀ ရာစု ကုန်ခါနီးမှာပဲ အင်အားတောင့်တင်းခိုင်မာခဲ့သည့် ဆိုဗီယက်ယူနီယံကြီး ပြိုကွဲခဲ့ရသည်။ အကြောင်းရင်းမှာ နယ်ချဲ့သွေးထိုး လှုံ့ဆော်မှုကြောင့်ပင်ဖြစ်၏။ ထိုနယ်ချဲ့ဆိုသူကား အခြားမဟုတ်။ အပျက်တကာ့ထွတ်ခေါင် ပျက်မင်းနောင်ဟုပင် တင်စားရမည့် အမေရိကန်ပင်ဖြစ်ချေသည်။

"ငါက အမေရိကန်ကို မုန်းတယ်၊ နေရာတကာပါတဲ့ နိုင်ငံလေ" ကျွန်တော်တို့ ဆရာမ အားလ်မာက ထိုသို့ ပြောခဲ့ဖူးပါသည်။ အမေရိကန်ပါလာလျှင် အားလုံးပျက်စီးဖို့သာ ဖြစ်စေခဲ့သည်။ ထိုသို့သော သမိုင်းဆိုးကြုံတွေ့ခဲ့ရသဖြင့် ယနေ့အချိန်တွင် ရုရှားနိုင်ငံသည် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းမွန်သည်ဟူသည့်အတိုင်း နိုင်ငံတော်လုံခြုံရေးနှင့် ယင်းတို့၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်သင့်သည်မှန်သမျှကို ပြတ်ပြတ်သားသားဆောင်ရွက်နေသည်ကို တွေ့ရှိရပေသည်။

**ပြည်ပအတတ်ပညာများရရှိရေးဆောင်ရွက်ခဲ့ကြ**

တရားဝင်သံတမန်ဆက်ဆံမှု ထူထောင်ပြီးချိန်မှစ၍ နိုင်ငံအချင်းချင်း အပြန်အလှန်ယဉ်ကျေးမှု၊ ကုန်သွယ်မှုများပြုခဲ့ကြသလို အားကစားကဏ္ဍတွင်လည်း မြန်မာနိုင်ငံသို့ ဆိုဗီယက်ရုရှားဘောလုံးနည်းပြများ လာရောက်နည်းပြပေးခဲ့ကြလေသည်။ အောင်မြင်မှုများလည်း ရရှိခဲ့ကြ၏။ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို လိုက်နာကျင့်သုံးကာ ရပ်နီးရပ်ဝေး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးများ ထူထောင်ခဲ့ကြသော်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ရှိသည့် ခေါင်းဆောင်များလက်ထက်တွင် မဖြစ်မနေလိုအပ်သော ပြည်ပအတတ်ပညာများ ရရှိရေးအတွက် လူသားအရင်းအမြစ်များကို ရရှိအောင်ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်အကြီးအကဲဖြစ်လာချိန်မှစ၍ ရုရှား-မြန်မာဆက်ဆံရေး အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပြီး နှစ်နိုင်ငံ တိုးတက်ဖြစ်ထွန်းမှုအတွက် အထောက်အကူကောင်းများ ရရှိစေခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာစားပွဲဝိုင်းများ၊ စာမျက်နှာများထက် အမှန်တရားကို ရှေးရှုကာ မိတ်ဆွေကောင်းဟူသည့် ခံယူချက်ဖြင့် ရုရှားနိုင်ငံက မားမားမတ်မတ်ရပ်တည်ပေးခဲ့သလို ရုရှားအရေးနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံက ထိုသို့သာ ကျင့်သုံးခဲ့ပါသည်။

အပြန်အလှန် မိတ်ဆွေကောင်းသဖွယ်၊ ဆွေမျိုးသားချင်းများပမာ ဆက်ဆံကြသော မြင်ကွင်းများကို မြင်တွေ့နေရသည့်အတွက် ဖတ်ခဲ့ဖူးသောလောကနီတိပါမိတ်ဆွေကဏ္ဍကို သတိရမိပါသည်။ ရောဂါဝေဒနာကျရောက်စွဲကပ်သောအခါ၌ လည်းကောင်း၊ ငတ်မွတ်ခေါင်းပါး ဘေးဒုက္ခရောက်သောအခါ၌ လည်းကောင်း၊ ဥစ္စာစည်းစိမ်ဆုံးရှုံးပျက်စီးသောအခါ၌ လည်းကောင်း၊ ရန်သူဖမ်းဆီးခြင်းခံရသောအခါ၌လည်းကောင်း၊ တရားရုံး၌ အမှုကို ရင်ဆိုင်ရသောအခါ၌လည်းကောင်း၊ နာရေးကိစ္စဈာပနနှင့် ကြုံရသောအခါ၌လည်းကောင်း အကြင်အပေါင်းအဖော်သည် မိမိနှင့်အတူရပ်တည်ပေ၏။ ထိုသူသည် အဆွေခင်ပွန်းကောင်းမည်၏ဟူ၍ လောကနီတိတွင်ဖော်ပြထားသည်ကို မှတ်သားရသည်။

**အကျိုးရလဒ်များ**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျန်းမာရေးဆိုင်ရာဆေးဝါးထောက်ပံ့ ပေးမှုများ၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာပိုင်းဆိုင်ရာ မျှဝေဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အတတ်ပညာနည်းပညာများအပြင် စစ်ဘက်ဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခြင်းများသည် အမိနိုင်ငံတော်ကောင်းကျိုးအတွက် အပြုသဘောဆောင်သည့်အကျိုးရလဒ်များပင် ဖြစ်ပေသည်။

ရှေးမြန်မာမင်းများလက်ထက်မှစကာ ရုရှား-မြန်မာဆက်ဆံရေးသည် အမြဲထာဝစဉ် ချစ်ခင်လေးစားမှုကို ပြသခဲ့ကြောင်း တွေ့ရှိရ၏။ ပထဝီအနေအထားအားဖြင့် မိုင် ၄၀၀၀ ကျော် ကွာဝေးသော်ငြား တကယ့်မိတ်ဆွေရင်း သွေးသားရင်းများပမာ ချစ်ခင်စိတ်ကိုပြကြ ၏။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းဖြစ်ဖို့ရာ၌ အနေနီးခြင်း၊ အနေဝေးခြင်းများက ပဓာနမကျကြောင်း ရုရှား - မြန်မာ ဆက်ဆံရေးက သက်သေထူလျက်ရှိပေသည်။ ယနေ့နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင် ခရီးသွားလာရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍများ အပါအဝင် အခြားသောကဏ္ဍစုံ၌ ပိုမိုအရှိန်ဟုန်မြှင့်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် ရုရှားနှင့်မြန်မာနိုင်ငံတို့မှ တိုင်းပြည်အပေါ် အမှန်တကယ် ချစ်မြတ်နိုးသစ္စာရှိသော အကြီးအကဲများ၏ အမြော်အမြင်ကြီးသော ဆောင်ရွက်ချက်များပင် ဖြစ်ပေသည်။




ဘဝတစ်ကွေ့တွင် ကံအကြောင်းသင့်စွာ နိုင်ငံတော်က တာဝန်ပေးအပ်ချက်အရ ရုရှားနိုင်ငံတွင် ပညာသင်ကြားခွင့်ရရှိခဲ့သူ တစ်ဦးအနေဖြင့် နိုင်ငံတော်အပေါ် ကျေးဇူးတင်မိသလို အဖိုးတန်ပညာများ၊ အခြားသော သိသင့်သိအပ်ဖွယ်ပညာများ၊ နိုင်ငံခြားအတွေ့အကြုံများကို ရရှိခဲ့သဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုလည်း ကျေးဇူးတင်မိပါသည်။ ဖြူစင်ရိုးသားသော သစ္စာတရားကို အခြေခံလျက် ကောင်းမွန်သော သံတမန်ဆက်ဆံရေးများရှိခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရမည်မှာ မလွဲကေန်ပင်ဖြစ်ပေသည်။ ရုရှား-မြန်မာ သံတမန်ဆက်ဆံမှု (၇၅) နှစ်ပြည့်ချိန်တွင် အတိတ်ကာလ ပညာသင်ကြားခဲ့ရမှုများကို သတိရမိသကဲ့သို့ ရှင်မဟာရဋ္ဌသာရ၏ " သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရုန်းကြလေ" ဟူသော လက်သစ်တောင်တာဆုံးမစာနှင့် "ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ" ဟူသော မိတ်ဆွေကျင့်ဝတ်တို့ကို နားထဲပြန်ကြားယောင်လာမိသည်။ မြတ်စွာဘုရားဗျာဒိတ်တော်မှတစ်ဆင့် အစပြုလာပြီး ရှေးမြန်မာမင်းများအစဉ်အဆက်မှ လက်ဆင့်ကမ်းခဲ့သည့် ရုရှား-မြန်မာ နှစ်ပြည်ထောင်သွေးစည်းချစ်ကြည်မှုသည် နောင်နှစ်ပေါင်းထောင်သောင်းများစွာတိုင် ထားရှိခဲ့ပြီးသော မိတ်ကောင်းဆွေမွန် ကျင့်ဝတ်များအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်မည်ဟု ကျွန်တော့်အနေဖြင့် ခိုင်မာလေးနက်စွာ ယုံကြည်မိပါသည်။ ။

## မိတ္ထီလာခရိုင်၌ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်တွင် ဆောင်းကုလားပဲ စိုက်ဧက ၄၆၀၀၀ကျော် စိုက်ပျိုး

မိတ္ထီလာ ဖေဖော်ဝါရီ ၁၅

မိတ္ထီလာခရိုင်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်းကုလားပဲ စိုက်ဧက ၄၆၀၀၀ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ဒေသခံတောင်သူများက ဆောင်းကုလားပဲသီးနှံကို ကြဲပက်၍လည်းကောင်း၊ သီးထပ်အဖြစ် ထွန်ယက်မြေပြုပြင်ပြီး အတန်းလိုက် မျိုးစေ့ချ၍လည်းကောင်း စိုက်ပျိုးလျက်ရှိသည်။ ယင်းသို့ စိုက်ပျိုးလျက်ရှိရာမှ ဒေသခံတောင်သူများက ဆောင်းကုလားပဲသီးနှံကို နိုဝင်ဘာလ ပထမပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိရာ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာမြို့နယ်၌ ဆောင်းကုလားပဲ စိုက်ဧက ၁၇၇၅ဧက၊ မလှိုင်မြို့နယ်တွင် ဆောင်းကုလားပဲစိုက်ဧက ၇၉၈ ဧက၊ သာစည်မြို့နယ်တွင် ဆောင်းကုလားပဲဧက ၁၉၆၇၄ဧက၊ ဝမ်းတွင်းမြို့နယ်တွင် ဆောင်းကုလားပဲစိုက်ဧက ၂၄၅၀၆ ဧကတို့ကို စိုက်ပျိုးထားရှိသည်။

အဆိုပါဆောင်းကုလားပဲစိုက်ပျိုးဧကများ သီးနှံအထွက်နှုန်းတိုးပွားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ဧကများသို့ ကွင်းဆင်း၍ ဒေသခံတောင်သူများနှင့် ပူးပေါင်းကာ အပင်ကြီးထွားပြီး အထွက်နှုန်းကောင်းစေရန်နှင့် ရောဂါပိုးမွှားကင်းစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**




❖ ကျောဖုံးမှ

(ခ) အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ) နှင့် (တွဲဖက်) အခြေခံပညာ အထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card) များကို မိမိတို့ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား/ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ရက်စွဲ။ ၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီလ( ၁၅ )ရက်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်) တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

သံမဏိစက်ရုံ (မြင်းခြံ) Phase-1 ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ကော်မတီအဖွဲ့ဝင်များနှင့်အတူ စက်ပစ္စည်း ကိရိယာများ စစ်ဆေးပြုပြင်နေမှုအခြေအနေနှင့် ဝန်မပါစမ်းသပ်လည်ပတ်နေမှုအခြေအနေတို့ကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သံရည်ကျိုအလုပ်ရုံနှင့် အထောက်အကူပြုအလုပ်ရုံခွဲများရှိ စစ်ဆေးပြုပြင်ပြီးစီးသည့် စက်ပစ္စည်းကိရိယာများ ဝန်မပါစမ်းသပ်မောင်းနှင်နေမှုအခြေအနေ၊ စက်ပစ္စည်းကိရိယာများအား စစ်ဆေးပြုပြင်နေမှုအခြေအနေ၊ သံရည်ကျိုနိုင်ရေးအတွက် Scrap ကုန်ကြမ်းများ စုဆောင်းထားရှိမှုအခြေအနေ၊ စက်ပစ္စည်းကိရိယာများအား အမိုးအကာအောက် ရွှေ့ပြောင်းထားရှိနိုင်ရေးအတွက် အမိုးအကာများ ဆောက်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်





ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကိရိယာများ ပြုပြင်နေမှုအခြေအနေတို့ကို မှတ်တမ်းထားရှိပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်၊ သံရည်ကျိုအလုပ်ရုံတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် ဘေးအန္တရာယ် အကာအကွယ်ပြုဝတ်စုံများ ဝတ်ဆင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထား ကြပ်မတ်ဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကကျသည့် စက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဖြည့်တင်းထားနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့ရှိ အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်)သို့ ရောက်ရှိပြီး ၂/၄၀ ချည်များ ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အထည်အလိပ်ရက်လုပ်ရာတွင် လိုအပ်သော ချည်များအား ပိုမိုထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ထုတ်လုပ်သည့် ချည်များ၏ ဆွဲဆန့်နိုင်မှုခံနိုင်အား ကောင်းမွန်အောင်နှင့် ချည်လုံး ညီညာမှုရှိစေရေး ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင် Check Point ထားရှိ၍ စစ်ဆေးရန်၊ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိနေပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်စေရေးနှင့် လျှပ်စစ်မီးအန္တရာယ် မဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

● ကျောဖုံးမှ

ဍေ့သည်စပါးအသင်းက တုံ့ပြန်ကစားပုံကောင်းမွန်ခဲ့သော်လည်း ပွဲချိန် ၇ မိနစ်တွင် ခွင့်ပြုခဲ့ရသော ဘရာဟင်ဒွေဇ်၏ တစ်လုံးတည်းသော သွင်းဂိုးကြောင့် အေစီမီလန်အသင်းကို ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် စပါးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ နောက်တစ်ဆင့်တက်လှမ်းနိုင်ရန်အတွက် အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဒုတိယအကျော့ပွဲစဉ်တွင် မဖြစ်မနေ ပြတ်သားသောရလဒ်ဖြင့် နိုင်ပွဲရရှိအောင် ကြိုးစားရတော့မည်ဖြစ်သည်။

နာမည်ကြီး ပီအက်စ်ဂျီနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် ဍေ့သည်ဘိုင်ယန်မြူးနစ်အသင်းက ပွဲချိန် ၅၃ မိနစ်တွင် သွင်းယူရရှိခဲ့သော ကိုးမန်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်သို့ ပွဲကြည့်ပရိသတ် လေးသောင်းခြောက်ထောင်ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ပီအက်စ်ဂျီအသင်း သည် အိမ်ကွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းကို လက်ခံယှဉ်ပြိုင်ကစားရသော်ငြား ပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည်။ ထို့ကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်အတွက် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒုတိယအကျော့ပွဲစဉ်တွင် ရေကုန်ရေခန်းယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

အောင်ဇော်

# မတ်လ နိုင်ငံတကာရက်သတ္တပတ်တွင် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲများကစားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က သတ်မှတ်ထားသည့် မတ်လ နိုင်ငံတကာ ရက်သတ္တပတ်တွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၂၂ AFF Cup ပြိုင်ပွဲပြီးကတည်းက လေ့ကျင့်မှုရပ်နားထားပြီး နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် မတ်လ တတိယပတ်မှသာ အစောဆုံး လေ့ကျင့်ပြင်ဆင်နိုင်မည် ဖြစ်သည်။ ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင်ကျင်းပမည် ဖြစ်သောကြောင့် ပြိုင်ပွဲခေတ္တ ရပ်နားသည့် မတ် ၁၈ ရက် နောက်ပိုင်းမှသာ စတင်လေ့ကျင့်နိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး နှစ်ပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ်အဖြစ် တာဝန်ယူခဲ့သည့် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးနှင့် ဇန်နဝါရီလကုန်တွင် လမ်းခွဲခဲ့သဖြင့် ယင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် နည်းပြသစ်သို့မဟုတ် ယာယီနည်းပြတစ်ဦး ခန့်အပ်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာခြေစမ်းပွဲ ငါးပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ခဲ့သည်။ ၂၀၂၂ ခုနှစ် မေလတွင် ဟောင်ကောင်အသင်းနှင့် ဂိုးမရှိသရေ၊ ဘာရိန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ စက်တင်ဘာတွင် ဟောင်ကောင်အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲကစားရာ ပထမပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး ဒုတိယပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။ ဒီဇင်ဘာတွင် ထိုင်းအသင်းနှင့် ခြေစမ်းပွဲကစားရာ ခြောက်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။

ရဲရင့်လွင်



၂၀၂၂ AFF Cup ပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှားအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-သော်လေး

# မြောက်ဦးမြို့နယ်၌ ရန်ကုန်-စစ်တွေကားလမ်းမကြီး ပီပင်ရင်း ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**မြောက်ဦး ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဝတီထိပ်ခေါင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်-စစ်တွေကားလမ်းမကြီးမှ ပီပင်ရင်းကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ရခိုင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမြင့်ဟန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။ အဆိုပါ လမ်းသည်အရှည် သုည ဒသမ နှစ်ဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၉၈ ဒသမ ၂၀၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် အိမ်ခြေ ၄၄၉ အိမ်၊ လူဦးရေ ၂၃၇၈ ဦးအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာဇင်နွယ်မြင့်၊ ပါမောက္ခ(ဌာနမှူး) ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီကနေ့ ပို့ချမှာကတော့ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ပထဝီဝင်ဘာသာရပ်နဲ့ ပတ်သက်ပြီး အထူးအလေးပေး လေ့လာသင့်တဲ့အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာ အထက်တန်း ပထဝီဝင် ဖတ်စာအုပ်မှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နဲ့ လက်တွေ့ ပထဝီဝင်ဆိုပြီး အပိုင်းကြီး (၅)ပိုင်းရှိသော်လည်း ၂၀၁၉ တက္ကသိုလ်ဝင် စာမေးပွဲကစပြီး ယခုနှစ်အထိ သဘာဝပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုတဲ့ အပိုင်း (၄) ခုကပဲ ဖြေဆိုရမှာ ဖြစ်ပါတယ်။

**အပိုင်း (က) သဘာဝပထဝီဝင်အပိုင်းမှာ**

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာ လှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်း ပါဝင်တယ်။

**အပိုင်း (ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ**

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း (ဃ) ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်) နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ပါဝင်တယ်။

**အပိုင်း (င) လက်တွေ့ပထဝီဝင်အပိုင်းမှာ**

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ်မေးခွန်းပုံစံမှာ အပိုင်း (၅) ပိုင်း ပါဝင်မှာဖြစ်တယ်။ အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(ဃ) ကမ္ဘာ့ပထဝီဝင်နဲ့ အပိုင်း(င) လက်တွေ့ပထဝီဝင်မေးခွန်းများ ဟူ၍ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က) နဲ့ အပိုင်း(င)မှ မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၅)ပုဒ် ဖြေဆိုရမှာ ဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံ၊ သရုပ်ပြပုံ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန်က (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

အပိုင်း (က) ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုးဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည် နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)တို့မှာလည်း ၁၅ မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၃)ပိုင်းအတွက် စုစုပေါင်း (၄၅) မှတ်ရပါမယ်။

အပိုင်း (င) လက်တွေ့ပထဝီဝင်မှာ မေးခွန်း ၁၁(က)မှာ စကေးနဲ့ မေးခွန်း ၁၁(ခ) မှာ ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး (၁၀)မှတ်ဖိုးစီဖြေရမယ်။ မေးခွန်း ၁၁(ဂ)ကတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး (၂၀)မှတ်ပေးထားတယ်။ အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းဟာ ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(င)မှာ စုစုပေါင်းပေးမှတ်က (၄၀) မှတ် ဖြစ်တယ်။

ပထဝီဝင်ဘာသာရပ်မေးခွန်းမှာ သတ်မှတ်ထားတဲ့သင်ခန်းစာများကို ခြုံငုံမိအောင်မေးမှာ ဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူများအနေနဲ့ သင်ခန်းစာတွေကို ကျေညက်အောင်မှန်မှန် လေ့လာဖတ်မှတ်ဖို့နဲ့ လေ့ကျင့်ထားဖို့လိုပါမယ်။

သင်ခန်းစာတွေကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်တယ်။ မေးခွန်းမှာ မေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး မိမိသိတာတွေအားလုံးဖြေရမှာ မဟုတ်ကြောင်းသတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများပါဝင်ပြီး နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံများကို သိဖို့လိုပါမယ်။

ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင် ဆိုပြီး ခွဲခြားလေ့လာ မှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနဲ့ မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း အဲဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့် မေးနိုင်တာကိုသတိပြုပါ။ လက်တွေ့ပထဝီဝင်အပိုင်းမှာတော့ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့စကေးကို တွက်ချက်ခြင်း၊ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းတို့ ပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်ပြီး ဒီအပိုင်းမှာလေ့ကျင့်ဖို့ အများကြီး လိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ-ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေတဲ့အခါ အလွယ်တကူဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံ လေ့လာပြန်ဆိုခြင်းကိုလည်း မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းတွေကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်တွေကို နားလည်အောင်မှတ်ဖို့လိုတယ်။ လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ် မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများကို သိနားလည်ဖို့လိုတယ်။

**စကေးဆိုသည်မှာ** မြေပုံပေါ်မှအကွာအဝေးနဲ့ မြေပြင်ပေါ်မှအကွာအဝေးတို့ရဲ့ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁:၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃) ပုံပြစကေး (ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစား ဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/ အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမဲ့ကိန်း၏ “ယူနစ်” ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့် မျဉ်းရဲ့အလျားဟာ လေးလက်မနှင့် ခြောက်လက်မ ကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင်ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့ အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံလေ့လာပြန်ဆိုခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံ ဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁) တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂) အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက် ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကို မြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုပ်စက်ဝိုင်းကိုမမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားဖို့လိုပါတယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကို သိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုး ထည့်သွင်းပြီးဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့်အချက်ကတော့ အချိုးစကေးမှာ ပိုင်းဝေဟာ အစဉ်အမြဲ “၁” ဖြစ်ရမယ်။ ပိုင်းဝေနဲ့ ပိုင်းခြေယူနစ်တူအောင် ညှိပေးရမယ်။ ကိုက်ညီတဲ့ ပုံသေနည်းများကိုသုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာ မြေပုံပေါ်(သို့မဟုတ်) ဓာတ်ပုံပေါ် အကွာအဝေးဖြစ်ပြီး ပိုင်းခြေသည် မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ယူနစ်ကို ပြောင်းပေးရမှာဖြစ်တယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃)စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီး နည်း (၃) နည်း ရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ

အသုံးပြုရမယ့်ပုံသေနည်း(က)ကတော့

$$\text{Scale or RF} = \frac{f}{H}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (Focal Length)

H ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။

ဥပမာ။ ကင်မရာဆုံတာ ၆ လက်မဖြင့် ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁:၆၀၀၀ ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက် အမြင့်ပေကိုရှာပါ။

**တွက်နည်း**

ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF) = ၁:၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H) = ?

**အသုံးပြုသောပုံသေနည်း** $RF = \frac{f}{H}$

$H = ၆ \times ၆၀၀၀$

$= \frac{၃၆၀၀၀ \text{ လက်မ}}{၁၂ \text{ လက်မ}}$

$H = ၃၀၀၀ \text{ ပေ}$




အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း (ခ) ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

စာမျက်နှာ ၁၆ သို့

*စာမျက်နှာ ၁၅ မှ*

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသော အမြင့် (Altitude) နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။

ပုံသေနည်း(၂)မှာ လေယာဉ်ပျံသန်းသောအမြင့် (H) ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့အမြင့် (A) မှ ကုန်းမြေအမြင့် (h) ကို နုတ်ပေးခြင်းအားဖြင့် (H) ကို ရနိုင်တယ်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှ ပျံသန်းပြီး ကင်မရာဆုံတာ ၆ လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခုပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။

**တွက်နည်း**

| | | |
|---|---|---|
| ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) | = | ၁၂၀၀၀ ပေ |
| ကင်မရာဆုံတာ(f) | = | ၆ လက်မ |
| တောင်ကုန်း၏အမြင့် (h) | = | ၁၅၀၀ ပေ |
| ကောင်းကင်ဓာတ်ပုံ၏စကေး (RF) | = | ? |

**အသုံးပြုသောပုံသေနည်း** **Scale or RF** $= \frac{f}{(A-h)}$

$$F = \frac{၆ \text{ လက်မ}}{၁၂၀၀၀-၁၅၀၀ \text{ ပေ}} = \frac{၆ \text{ လက်မ}}{၁၀၅၀၀\times၁၂ \text{ လက်မ}} = \frac{၆ \text{ လက်မ}}{၁၂၆၀၀၀ \text{ လက်မ}} = \frac{၁ \text{ လက်မ}}{၂၁၀၀၀ \text{ လက်မ}}$$




RF = ၁ : ၂၁၀၀၀

အဖြေ = ကောင်းကင်ဓာတ်ပုံ၏ စကေး ၁ : ၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမယ့် ပုံသေနည်းကတော့

**Scale or RF** $= \frac{PD}{GD}$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

**Scale or RF** ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

**PD** ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance) နဲ့

**GD** ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။

ဥပမာ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသော ဓာတ်ပုံ၏ စကေးမှာ ၁ : ၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာနှစ်ရွာ၏ ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

**တွက်နည်း**

| | | |
|---|---|---|
| ကောင်းကင်ဓာတ်ပုံ၏စကေး | RF | = ၁ : ၁၂၀၀၀ |
| မြေပြင်ပေါ်ရှိအကွာအဝေး | GD | = ၃၀၀၀ ပေ |
| ဓာတ်ပုံပေါ်ရှိအကွာအဝေး | PD | = ? |




**အသုံးပြုသောပုံသေနည်း** RF $= \frac{PD}{GD}$

$$PD = GD \times RF$$

$$PD = (၃၀၀၀\times၁၂") \times \frac{၁}{၁၂၀၀၀}$$

$$PD = ၃၆၀၀၀" \times \frac{၁}{၁၂၀၀၀}$$

$$PD = ၃ \text{ လက်မ}$$

အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ အသုံးပြုရမယ့်ပုံသေနည်းကတော့

**Scale or RF** $= \frac{PD}{MD}$ x Map Scale

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance)

MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး (Map Distance) နဲ့

Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်

ဥပမာ။ မြေပုံတစ်ပုံပေါ်ရှိလမ်းဆုံနှစ်ခုတို့၏ အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး ယင်းမြေပုံ၏ စကေးမှာ ၁:၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မဖြစ်လျှင် ဓာတ်ပုံ၏စကေးကို ရှာပါ။

**တွက်နည်း**

| | |
|---|---|
| မြေပုံပေါ်ရှိအကွာအဝေး | MD = ၁၂ လက်မ |
| မြေပုံ၏စကေး | MS = ၁ : ၅၀၀၀ |
| ဓာတ်ပုံပေါ်ရှိအကွာအဝေး | PD = ၄ လက်မ |
| ဓာတ်ပုံ၏စကေး | RF = ? |




**အသုံးပြုသောပုံသေနည်း** **RF** $= \frac{PD}{MD}$ x Map Scale

$$= \frac{၄}{၁၂} \times \frac{၁}{၅၀၀၀}$$

$$= \frac{၄}{၆၀၀၀၀}$$

$$= \frac{၁}{၁၅၀၀၀}$$

အဖြေ = ဓာတ်ပုံ၏စကေး ၁ : ၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကိုမှတ်မိအောင် လေ့လာထားရမယ်။ ပုံသေနည်းပါ သင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာ ကိန်းဂဏန်းများကို အစားထိုးပြီး တွက်ရမှာဖြစ်တဲ့အတွက် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမဲ့ ပုံသေနည်းမှာပါတဲ့သင်္ကေတွေရဲ့ အဓိပ္ပာယ်ကို သိထားရန်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာ သုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်း အပိုင်းမှာ (က)မှ (ခ) သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါ ဒေသရဲ့ ဇရိယာနဲ့လတ္တီကျု၊ လောင်ဂျီကျုရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများစသဖြင့် ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကို ရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့် ပေါ်လွင်စေရန် ၅ ဆ မှ ၁၀ ဆအထိ ချဲ့သင့်တယ်။ စကေးကို တစ်လက်မ အပေါ်မူတည်ပြီးရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာလွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရမှာ ဖြစ်တယ်။

ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ ဒေါင်လိုက်စကေးရှာရာမှာ

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင်

ဒေါင်လိုက်အဆချဲ့ခြင်း (၅ ဆ) ချဲ့တဲ့အခါ

၁ လက်မ x ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)

၁ လက်မ ပေါ်မှာပြန်ရှာရင် $= \frac{၁ \times ၅၂၈၀}{၅}$ = ၁၀၅၆ ပေ (၁၀၀၀ ပေ အနီးဆုံးယူပါ)

ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ

ဒါ့ကြောင့် ဒေါင်လိုက်စကေး ၁လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက်ရေးဆွဲပေးရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်ကတော့

– ပထမဦးဆုံးပေးထားတဲ့ ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့် ဆက်ပါ။

ပုံ (၁) "က" မှ "ခ"သို့ မျဉ်းဖြောင့်ဆက်ပုံ




– ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလိုမှတ်တဲ့အခါ ပေးထားတဲ့ကွန်တိုခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမယ်။

ပုံ (၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများမှတ်သားပုံ




*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

– ဒီနောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

ပုံ (၃) “က”နှင့် “ခ” ဖြတ်ပိုင်းမျဉ်းအတိုင်း ကွန်တိုမြေပုံခေါက်ထားပုံ




– ပြီးရင် ဂရပ်စာရွက်ပေါ်မှာ ပေးထားတဲ့ ကွန်တိုမြေပုံရဲ့ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းနှင့် 'ခ' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

– ခေါက်ထားတဲ့ ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ ဂရပ်စာရွက်ရဲ့ အောက်ခြေမျဉ်းမှာ 'က' 'ခ' အမှတ်အသား အကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ မြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချပြီး မှတ်ပါ။




– မှတ်ထားတဲ့အစက်တွေကို ပြေပြစ်တဲ့မျဉ်းနဲ့လိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံပေါ်ထွက်လာမယ်။

“က” မှ “ခ”သို့ ဖြတ်ပိုင်းပုံ




အလျားလိုက်စကေး - ၁လက်မ = ၁ မိုင်
ဒေါင်လိုက်စကေး-၅ဆချဲ့၍ ဒေါင်လိုက်စကေး ၁လက်မ - ၁၀၀၀'(အနီးဆုံး)

– ဒီလို ဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင်ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့ နေရာမှာ V ပုံသဏ္ဌာန် အနည်းငယ် ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်) အညိုရောင်ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာ အလျားလိုက်နဲ့ ဒေါင်လိုက်စကေး နှစ်မျိုးစလုံး ဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့်ဖော်ပြနိုင်တယ်၊ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျူနှင့် လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါ ကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်း အနက် (၉၂°) ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီး ကျန် (၂၈°) အောက်၂ ခုဟာ မြောက်လတ္တီကျူဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း အရှေ့လောင်ဂျီကျူ ၉၆° ၉' နဲ့ ၉၆° ၁၃' အတွင်းမှာ ရှိတယ်။

နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနဲ့ မြို့ပြကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ– ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ကအလယ်ဗဟိုမှာ ဖြတ်စီးနေပါက ‘‘မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့်ပတ်ဝန်းကျင်ဒေသဖြစ်သည်’’ အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ–ရေနံချောင်းမြို့) ပါရှိပါက ‘‘မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်’’ ဟု ရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီ တွက်ချက်ပြီး စတုရန်းမိုင်နဲ့ ဖော်ပြရမယ်။ ဥပမာ– မြေပုံရဲ့ စကေးဟာ (၂)လက်မလျှင်(၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့အနံဟာ (၆)လက်မနဲ့ (၄)လက်မ ရှိပါက စကေးအရ မြေပြင်မှာ အလျား(၃)မိုင်နဲ့ အနံ(၂)မိုင် အသီးသီးရှိမယ်။ ဒါ့ကြောင့် ပေးထားတဲ့ မြေပုံပါဒေသရဲ့အကျယ်အဝန်း ဧရိယာဟာ (အလျား ၃ မိုင် x အနံ ၂ မိုင်) (၆) စတုရန်းမိုင် ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာပါဝင်တဲ့မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှု စတဲ့ အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင်ဂွမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့ တွေ့ရရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ရှိတယ်လို့ ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။




အထက်ဖော်ပြပါမြေပုံဒေသသည် သရက်နှင့် အောင်လံမြို့များ၏ ပတ်ဝန်းကျင်ဒေသပုံ ဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏အနောက်ဘက်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏ အရှေ့ဘက်တွင်ရှိသည်။ ထို့ကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်ရင် အောက်ပါအတိုင်းတွေ့ရမယ်–



'က'နေရာသည် အမြင့်ပေ(၂၀၀) အောက်၌ရှိပြီး အရှေ့ဘက်ရှိ 'ခ' သို့ဆက်ရာ သရက်မြို့၊ ဧရာဝတီမြစ်နှင့် သူ၏ကျွန်းများအား ကွန်တို (၁၀၀) ဝန်းကျင်တွင်ဖြတ်သန်းသွားကာ အောင်လံမြို့မှ (ခ) အမှတ်အသားရှိရာသို့ တဖြည်းဖြည်းမြင့်တက်သွားရာ (ခ) အမှတ်သည် ကွန်တိုအမြင့် (၃၀၀) ကျော်တွင်တွေ့ရှိရတယ်။

ဆက်ပြီးတော့ ကွန်တိုမြေပုံကိုကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

## မြေပုံပါဒေသ၏ ရူပပထဝီဝင်

### တည်နေရာနှင့်အကျယ်အဝန်း

မြေပုံပါဒေသသည် မြောက်လတ္တီကျူ ၁၉°၂၀' မှ ၁၉° ၂၅' နှင့် အရှေ့လောင်ဂျီကျူ ၉၅° ၁၀' မှ ၉၅° ၁၅' အတွင်းတည်ရှိသည်။ ပုံတွင် သရက်မြို့နှင့်အောင်လံမြို့များကိုတွေ့ရှိရခြင်းကြောင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပါသည်။

### မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း

ပုံတွင်တောင်ကုန်းငယ်များနှင့် လွင်ပြင်ပိုင်းတို့ပါဝင်ပြီး မြေပုံပါဒေသအများစုသည် မြေမျက်နှာပြင် မညီညာသည့်လွင်ပြင်များ ဖြစ်ကြပါသည်။

တောင်ကုန်းငယ်များကို ပုံ၏အရှေ့မြောက်ပိုင်းတွင်တွေ့ရပြီး အရှေ့တောင်နှင့် အနောက်မြောက်တွင်လည်း အနည်းငယ်တွေ့ရသည်။ တောင်ကုန်းငယ်များသည်အရှေ့မှ အနောက်သို့ သွယ်တန်းနေပြီး ပေ(၅၀၀)ကျော်မြင့်သည့် တောင်ကုန်းတစ်ခုကို ပုံ၏အရှေ့မြောက်ပိုင်းတွင် တွေ့ရပါသည်။ အရှေ့ဘက်တွင် ဆင်ခြေလျှောမတ်စောက်ပြီး အနောက်ဘက်တွင်ပြေပြစ်သည်။

ပုံတွင် ဧရာဝတီမြစ်၏တစ်ဖက်တစ်ချက်၌ ကွန်တိုမျဉ်းများ ခပ်စိပ်စိပ်တွေ့ရခြင်းကြောင့် မြေမျက်နှာပြင် မညီညာသော လွင်ပြင်များရှိနေပြီး ပုံပါဒေသ၏ ခြောက်ပုံ လေးပုံခန့်ကျယ်ဝန်းသည်။

ဧရာဝတီမြစ်သည် မြေပုံပါဒေသ၏အလယ်တွင် မြောက်မှတောင်သို့စီးဆင်းနေပြီး မြစ်၏အလယ်တွင် ရဲဘော်ကျွန်းကိုတွေ့ရသည်။ အရှေ့ဘက်အောင်လံမြို့အနီးမှ ချောင်းငယ်များစွာနှင့် အနောက်ဘက် သရက်မြို့အနီးမှ ချောင်းငယ်များ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ကြသည်။ ဧရာဝတီမြစ်နှင့် ချောင်းကြီးများသည် ရေအမြဲစီးဆင်းနေသောမြစ်ချောင်းများဖြစ်ကြပြီး ကျန်ချောင်းငယ်များမှာ ရာသီအလိုက် ရေရှိသော ချောင်းများဖြစ်ကြပါသည်။

### အောက်ခံကျောက်

မြေပုံပါဒေသသည် ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ဒေသဖြစ်သည့်အတွက် အောက်ခံကျောက်မှာသက်နုကျောက်များဖြစ်နိုင်သည်။

### ရာသီဥတု

မြေပုံပါဒေသသည် မြောက်လတ္တီကျူ ၂၃ ၁/၂° အောက်နိမ့်ကာ အမြင့်ပေ ၃၀၀၀ အောက်ဒေသဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် တည်ရှိသည့်အတွက် အပူချိန်များသည်။ ပင်လယ်နှင့်ဝေးသော ဒေသဖြစ်သည့်အတွက် အပူချိန်ကွာခြားချက်များသည်။ ဧရာဝတီမြစ်အတွင်း သဲသောင်များတွေ့ရခြင်း၊ ပင်လယ်နှင့်ဝေးခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိခြင်းများကြောင့် မိုးနည်းသည့်ဒေသလည်းဖြစ်သည်။ အပူချိန်များပြီးမိုးနည်းသည့်အတွက် အပူပိုင်းခြောက်သွေ့ရာသီဥတုရရှိမည်။

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

**သဘာဝပေါက်ပင်**

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်း စသော ခြောက်သွေ့တောများ ပေါက်နိုင်သည်။

**မြေဆီလွှာ**

အပူချိန်များပြီး မိုးနည်းသည့်ဒေသဖြစ်သည့်အတွက် တောင်ကုန်းငယ်များပေါ်တွင် မြေနီသဲဝန်း၊ မြေဝါသဲဝန်းမြေဆီလွှာများနှင့် လွင်ပြင်ဒေသတွင် သဲဆန်သောမြေဆီလွှာနှင့် စနယ်မြေများ တွေ့နိုင်ပါသည်။

မြေပုံပါဒေသ၏ **လူမှုစီးပွားရေး** ပထဝီဝင်ကိုလေ့လာကြည့်လျှင်

**လူဦးရေ**

မြေပုံပါဒေသသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ သရက်၊ အောင်လံမြို့ဝန်းကျင်ဒေသ ဖြစ်သည့်အတွက် မြို့နှင့်ကျေးရွာများ အများအပြားတွေ့ရခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ပေါ်တွင် တည်ရှိခြင်းများကြောင့် လူနေများပြီး လူနေသိပ်သည်းသောဒေသ ဖြစ်သည်။

**လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

မကွေးတိုင်းဒေသကြီး သရက်နှင့်အောင်လံမြို့များ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုး အများဆုံး နေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာအဓိကကိုးကွယ်ကြသည်။ အခြားဘာသာဝင်များလည်း နေထိုင်ကြမည်။

**မြို့ရွာပုံနှံ့တည်ရှိမှု**

ပုံတွင် သရက်မြို့ကို ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းတွင်တွေ့ပြီး အောင်လံမြို့ကို အရှေ့ဘက်ကမ်းပေါ်တွင်တွေ့ရသည်။ ဒေသအတွင်း ဧရာဝတီမြစ်ကို အသုံးပြုပြီး ရေကြောင်းသွားလာမှု ပြုလုပ်နိုင်ပြီး အောင်လံမြို့သည် ပြည်-တောင်တွင်းကြီး ဆက်သွယ်ထားသောကားလမ်း၊ ရထားလမ်းပေါ်တွင် တည်ရှိသည်။ ထို့အပြင် ဒေသအတွင်းကျေးရွာများနှင့်လည်း ကားလမ်း၊ ကျောက်ခင်းလမ်း၊ လှည်းလမ်းများ ဆက်သွယ်ထားသည်။

သရက်မြို့နှင့် ကိုးပင် သီးကုန်း၊ မုန်ဇလီ၊ ရေဖြူ၊ စကားလဲ (ကျောင်းစု)၊ စကားလဲ (ရေတွင်းစု) နှင့် ရွာထောင်စသည့်ရွာများသည် ရွာစု၊ ရွာဝိုင်းအနေဖြင့်တွေ့ရပြီး စန်းအိုင်၊ ရဲဘော်ကျွန်းရွာများသည် ရွာတန်းရှည် ပုံသဏ္ဍာန်ရှိကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။

**စိုက်ပျိုးရေး**

အပူချိန်များပြီး မိုးနည်းသည့်ဒေသဖြစ်သည့်အတွက် လွင်ပြင်ပေါ်ရှိယာမြေများပေါ်တွင် နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဂျုံနှင့်ပြောင်းစသည့် ယာသီးနှံများစိုက်ပျိုးကြပြီး လယ်မြေများပေါ်တွင် ရေသွင်းစပါး စိုက်ပျိုးနိုင်သည်။ ဧရာဝတီမြစ်အတွင်းရှိ ကျွန်းများနှင့် မြစ်ကမ်းဘေးများတွင် ကိုင်းကျွန်းသီးနှံများ စိုက်ပျိုးကြမည်။

**မွေးမြူရေး**

ဒေသစိုက်ပျိုးရေးအတွက် နွားကို မွေးမြူကြပြီး စားသုံးရန် ကြက်၊ ဝက်၊ ဆိတ်တို့ကို မွေးမြူမည်။

**ရေလုပ်ငန်း**

ဧရာဝတီမြစ်မှ ဒေသတွင်းစားသုံးရန် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်မည်။

**သစ်တောထွက်ပစ္စည်းလုပ်ငန်း**

ဒေသတွင်းရှိ ရွက်ပြတ်တောများမှ ဒေသသုံးသစ်ထုတ်လုပ်ငန်းရှိမည်။

**စက်မှုလုပ်ငန်း**

သရက်မြို့တောင်ဘက်ရှိ နိုင်ငံပိုင်ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများထုတ်လုပ်သည်။ အောင်လံမြို့တောင်ဘက်တွင် အမှတ်(၉၆) နိုင်ငံပိုင်သစ်စက်ကိုတွေ့ရှိရသည်။ ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ဆန်စက်၊ ဆီစက်၊ ဝါကြိတ်စက်များကိုတွေ့နိုင်သည်။ ကျေးရွာများတွင် ရက်ကန်းလုပ်ငန်းများရှိနိုင်သည်။

**လမ်းပန်းဆက်သွယ်ရေး**

အောင်လံမြို့သည် ပြည်မှ တောင်တွင်းကြီး၊ မကွေးမြို့များသို့ဆက်သွယ်ထားသည့် ကားလမ်း၊ ရထားလမ်းများပေါ်တွင် တည်ရှိသည်။ သရက်မြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိပြီး ပုသိမ်-မုံရွာကားလမ်းနှင့်ဆက်သွယ်ထားသည်။ ဧရာဝတီမြစ်ကြောင်းမှလှေ၊ သင်္ဘောများဖြင့်လည်း သွားလာနိုင်သည်။ မြို့များနှင့် ကျေးရွာများကို ကျောက်ခင်းလမ်း၊ လှည်းလမ်းများဖြင့် ဆက်သွယ်သွားလာနိုင်ပါသည်။

**ကုန်သွယ်ရေး**

ဒေသထွက်ပိုလျှံသော စိုက်ပျိုးရေးထွက်ကုန်များ၊ ဘိလပ်မြေနှင့်သစ်များကို အခြားဒေသများသို့ တင်ပို့ကြပြီး ဒေသအတွက်လိုအပ်သည့် လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးဝါး၊ အဝတ်အထည်များကို ပြန်လည်တင်သွင်းသည်။

ကွန်တိုမြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားဖြေဆိုရာမှာ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်ပြီး ကြောင်းကျိုးဆက်နွှယ်ဖြေဆိုတတ်ဖို့ လိုအပ်တယ်။ အတွေ့အကြုံများစွာ လိုအပ်လို့ စာမေးပွဲမဖြေခင်မှာ ကွန်တိုမြေပုံအများအပြားကို လေ့ကျင့်ဖြေဆိုထားသင့်ကြောင်း အကြံပြုပြောကြားရင်း ဒီမှာပဲ ရပ်နားလိုက်ပါတယ်။

\- - - - - - -

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၃-၂-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ပါ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ် အထောက်အကူပြု သိကောင်းစရာများ၏ ကော်လံ(၂)၊ စာကြောင်းရေ (၄၂၊ ၄၃၊ ၄၄) တို့၌ ဖော်ပြပါရှိသော electrons **အစား** alpha အမှုန်များဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၁၂ ရာခိုင်နှုန်းရှိ

**(၁၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၂၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၀၁,၅၆၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၅၃)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄-၂-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၂၆,၉၅၀) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၁၂,၇၄၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၄-၂-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၂၆,၉၅၀ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၁၂,၇၄၅ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာ ကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ Myanmar Credit Bureau ၏ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာခရက်ဒစ်ဗျူရို (Myanmar Credit Bureau) ၏ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင် နှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။**

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ဗဟိုဘဏ်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် Access to Credit ၊ Access to Finance ချေးငွေများ၊ Trade Financing ၊ Credit Facilities များ လွယ်ကူလျင်မြန်စွာရရှိနိုင်ရေးအတွက် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ငွေချေးယူသူများက အကဲဖြတ်သုံးသပ်ခြင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာခရက်ဒစ်ဗျူရိုက ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Credit Risk Management) ပိုမိုကောင်းမွန်စွာဆောင်ရွက်ရန် အဓိကလိုအပ်သည့် ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ စုစည်းနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ် ရေးဆွဲတင်ပြသွားရန် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာခရက်ဒစ်ဗျူရိုမှ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက မြန်မာခရက်ဒစ်ဗျူရို၏ တိုးတက်ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာခရက်ဒစ်ဗျူရို (Myanmar Credit Bureau) မှ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး၍ ဤကဲ့သို့ ဗဟိုဘဏ်နှင့် မြန်မာခရက်ဒစ်ဗျူရိုအကြား တွေ့ဆုံဆွေးနွေးခြင်းများကို ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဆွေးနွေးချက်များနှင့်အညီ ဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်စွာဖွံ့ဖြိုးရေးအတွက် ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရေး ဆက်လက်ကြိုးပမ်းကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**



---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နေ သူသူဟန်သည် ၎င်းအသုံးပြုသည့် “Thu Thu Han” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်နေ မြတ်ထွန်းနှင့် မေရီမြင့်(ခ) Demo တို့သည် ၎င်းတို့အသုံးပြုသည့် “Myat Htun” Facebook အကောင့်နှင့် “Demo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၂ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၈၁၉၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၆၃၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၅၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၃၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၇၅ ကျပ် | ၂၃၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၅ ကျပ် | ၂၄၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၀ ကျပ် | ၂၃၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၅၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၄ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၁၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၄ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၇ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၅၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၆၇၆ | ၅၇၀၂၈၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၇၇၀ | ၅၆၁၇၂၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၃၀၀ | ၂၂၅၀၀၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၂၇၀၀ | ၄၈၆၀၀၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၉၄ | ၂၃၉၇၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၂၂ | ၅၇၂၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၈၈ | ၁၄၁၁၃၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရေးမြို့နယ် တောင်ဘုံကျေးရွာအနီး တောင်ဘုံ - အာယုတောင်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းအား အကြမ်းဖက်မှုကို လိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် ရေးမြို့နယ် တောင်ဘုံကျေးရွာအနီး တောင်ဘုံ – အာယုတောင်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား တစ်စင်းအား အကြမ်းဖက်မှုကို လိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၁ နာရီတွင် မွန်ပြည်နယ် ရေးမြို့နယ် တောင်ဘုံကျေးရွာအနီး တောင်ဘုံ – အာယုတောင်သွား ကားလမ်းပေါ်ရှိ အလျား ၃၈ ပေ၊ အနံ ၁၈ ပေ ခန့်ရှိ သံကူကွန်ကရစ် တံတားတစ်စင်းအား အကြမ်းဖက်မှုကို လိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် တံတား၏ ဝဲ/ယာလက်ရန်းနှစ်ဖက်၊ ကမ်းကပ်ခုံ၊ တံတား၏ အလယ်တည့်တည့်တို့တွင် အနည်းငယ်ပျက်စီးခဲ့ပြီး ယာဉ်ဖြတ်သန်းသွားလာမှုများ ပြတ်တောက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက အများပြည်သူပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အရာတော်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ကျောင်းသား ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ပြီး ကျောင်းသူတစ်ဦး သေဆုံးခဲ့ရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (အရာတော်)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အခန်းဆုံးစာမေးပွဲ ဖြေဆိုပြီး ပြန်လာသည့် ကျောင်းသား ကျောင်းသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ကျောင်းသား ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ပြီး ကျောင်းသူတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲပိုင်းက အရာတော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (အရာတော်)တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၊ အခန်းဆုံးစာမေးပွဲ ဖြေဆိုပြီး ပြန်လာသည့် ကျောင်းသား ကျောင်းသူများ လိုက်ပါလာသော မော်တော်ယာဉ်သည် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် အရာတော်မြို့၏အထွက် အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ရိုးမိုင်းဖြင့် အကြောင်းမဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကျောင်းသူ တစ်ဦး သေဆုံးပြီး ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာ ရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အရာတော်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ ယခုကဲ့သို့ NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအနေဖြင့် နိုင်ငံတကာဥပဒေများ၊ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကာ ကလေးသူငယ်များ၏ ပညာသင်ကြားရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက် တိုက်ခိုက်မှုများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်သဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


မလှဲ့လှဲ့ထွေး (ဒဏ်ရာရ)။


မမေသူဝင်း (ဒဏ်ရာရ)။


မဖူးပွင့်ဖြိုး (ဒဏ်ရာရ)။


မနွေးနွေးအောင် (ဒဏ်ရာရ)။


မသက်သက်မာ (သေဆုံး)။

ကျောင်းကား မိုင်းဆွဲတိုက်ခိုက်ခံရမှု ဖြစ်စဉ်နေရာပြပုံ။





မအိသန္တာ (ဒဏ်ရာရ)။


မရွှေလင်းလက်ထွန်း (ဒဏ်ရာရ)။


မောင်ကောင်းခန့်သူ(ဒဏ်ရာရ)။


မောင်အောင်ဇော်ဦး(ဒဏ်ရာရ)။


မောင်ဝင်းသီဟစိုး (ဒဏ်ရာရ)။


မမေသဇင်ကို (ဒဏ်ရာရ)။

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာစာ

နမ့်ခမ်းမြို့၊ အမှတ် (၈)ရပ်ကွက်၊ ပေါက်နေရပ်ရှိ အကွက်အမှတ် (၅၄)၊ ဦးပိုင်အမှတ် (၉)၊ မြေရိယာ ဝဒသမဝဂ၇ဒကေရှိ မြေကွက်ကို နမ့်ခမ်းမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၆-၅-၁၉၉၇) ရက်စွဲပါ မြေငှားဂရန် အမှုတွဲအမှတ် (၉၂/၁၉၉၆-၁၉၉၇)ဖြင့် (၁၉၉၇) ခုနှစ်မှ (၂၀၀၇)ခုနှစ်အထိဒေါ်ရင်မီးဟွေ၁၃/နခန(နိုင်)၀၃၃၅၃၄အမည်ဖြင့် (၁၀)နှစ် သက်တမ်းမြေငှား ဂရန်ချထားပေးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးခဲ့ပြီး ယခုအခါ ယင်းမြေကွက်ကို ဒေါ်ရင်မီးဟွေမှ မြေငှားဂရန်အသစ်ပြန်လည်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကြော်ငြာရက်ပြည့်ပြီး ကန့်ကွက်သူမရှိပါက မြေကွက်ကို လျှောက်ထားသူအား မြေငှားဂရန်(အသစ်)ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၆၉၀**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာစာ

နမ့်ခမ်းမြို့၊ အမှတ် (၁၄)ရပ်ကွက်၊ အောင်မေတ္တာရပ်ရှိ အကွက်အမှတ် (၇၄)၊ ဦးပိုင်အမှတ် (၆၂)၊ မြေရိယာ ဝဒသမ၁၁ဝကေရှိ မြေကွက်ကို ဖခင်ဖြစ်သူ ဦးခင်မောင် ၁၃/နခန(နိုင်)၀၃၂၁၄၄မှ သားဖြစ်သူ ဦးနိုင်လင်းမောင် ၁၃/နခန(နိုင်)၀၄၇၇၀၇အား နမ့်ခမ်းမြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၅-၂-၂၀၀၄ ရက်စွဲပါ မြေကွက်အမွေပေးကမ်းခြင်းစာချုပ်အမှတ် (၄၁/၀၄)ဖြင့် မိဘတို့၏မေတ္တာဖြင့် အဖိုးစားနား တစ်စုံတစ်ရာရယူခြင်းမရှိဘဲ မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် အပိုင်ပေးကမ်းခဲ့ပါသည်။ ယင်းမြေကွက်ကို ဦးနိုင်လင်းမောင်မှ မြေငှားဂရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကြော်ငြာရက်ပြည့်ပြီး ကန့်ကွက်သူမရှိပါက မြေကွက်ကို လျှောက်ထားသူအား မြေငှားဂရန်(အသစ်)ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၆၉၀**

# မိုးမိတ်မြို့နယ်တွင် သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်း အရင်းမပျောက် မတည်ငွေဖြင့် စပါးဝယ်ယူထားရှိမှုအပေါ် ကွင်းဆင်းစစ်ဆေး

**မိုးမိတ် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် မိုးမိတ်မြို့နယ် သမဝါယမအသင်းစုမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်း အရင်းမပျောက်မတည်ငွေ ရှမ်းပြည်နယ် ဘတ်ဂျက်ရန်ပုံငွေကျပ်သိန်း ၆၅၀ ဖြင့် ဒေသထွက်စပါးဝယ်ယူထားရှိမှုများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မိုးမိတ်မြို့နယ် သမဝါယမဦးစီးဌာနမှူး ဒေါ်စန်းစန်းဌေးနှင့် အဖွဲ့ဝင်များသည် ဒေသပေါက်ဈေးဖြင့် ဝယ်ယူထားရှိသည့် စပါး ၅၇၂၁ တင်းကို ရွှေပတ္တာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းစုဂိုဒေါင်တွင် သိုလှောင်ထားရှိသည့် အခြေအနေအား ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**စည်သူဌေး (ပြန်/ဆက်)**



## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်း မောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/5813 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/ရွှေပေါက်ကံ)၊ နတ်မောက်လမ်း၊ မြေကွက်အမှတ်(၂၈၅)၊ မြေအကျယ်အဝန်း (အလျား‌ပေ၄၀xအနံပေ၆၀)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေး သော မြေအကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)၊ (ခြေရင်းခြမ်း)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်လှမြင့်(ခ)ဝိထေရီ (ISN-၄၁၇၂၇၁) အမည်ဖြင့်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်နွဲ့ယဉ်ဝင်း ၁၂/ဒလန(နိုင်) ၀၄၆၆၉၈မှ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ထား ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီးပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) (LLB) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၀၄၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ ရွှေပဒေသာလမ်း၊ မြေကွက်အမှတ်(၉၅၈)မြေအကျယ် အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း (အလျား၂၀ပေ x အနံ၆၀ပေ)(ခေါင်းရင်းခြမ်း) မြေကွက်အမှတ်(၉၅၇)နှင့်ကပ်လျက် အခြမ်းရှိမြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင်ဦးအေးမြင့်အမည်ဖြင့်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးဝင်းမြင့် ၁၂/ကမရ (နိုင်)၀၁၅၄၇၅ မှ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ထားကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း၊ ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈) သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၀၄၈**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3Q/3938 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရိယာ(၀ဒသမ၁၁၀)ကေရှိ ဒေါ်ဇင်မေသက် ၁၂/ဒဂမ(နိုင်) ၀၃၆၄၇၃ (ဘ)ဦးလှသောင်း အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၆၆၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၃၄၅/၂၀၂၂(၁၃-၉-၂၀၂၂)ဖြင့်မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိန်ဝင်း ၁၄/ဟသတ(နိုင်) ၀၅၇၇၀၉ (ဘ)ဦးလှကျော်မှ ဒေါ်ကြည်လင်းမြင့် ၅/ပလန(နိုင်) ၀၃၄၃၂၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၇၁၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးသူရလင်း ၁၀/မလမ(နိုင်)၂၆၂၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၁၅၄၉၀ Conda 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လေး ၇/ပခတ(နိုင်) ၀၄၆၄၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊(ပြည်မြို့)**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအားအများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ရန်အောင်မြင်ရပ်ကွက်၊ ရန်အောင်မြင်လမ်း၊ အမှတ်(၂၅)ရှိ DHANARAJ AGRO CHEMICAL TRADING COMPANY LIMITED ၏ ဒါရိုက်တာဖြစ်သူ ဦးကျော်စွာဦး @ ARRJUNA(၈/နမန (ဧည့်) ၀၀၀၁၂၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မှတ်ပုံတင်စာချုပ်အမှတ်(၄/၉၆၇၉/၂၀၂၂)၊ မှတ်ပုံတင်စာချုပ်အမှတ်(၄/၉၆၈၀/၂၀၂၂)

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၄/၉၆၇၉/၂၀၂၂)မှတ်ပုံတင်စာချုပ်အမှတ်(၄/၉၆၈၀/၂၀၂၂) တို့ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို အသုံးပြု၍ ရွက်ဖျန်းမြေသြဇာအမျိုးမျိုးနှင့် အခြားမြေသြဇာအမျိုးမျိုးတို့ကို ပြည်ပမှကုန်ကြမ်းများ မှာယူတင်သွင်း၍ ပြည်တွင်း၌မိမိနည်းပညာဖြင့် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်/ဖြန့်ဖြူး/ရောင်းချလျက်ရှိရာ ယင်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် ပစ္စည်းများ ထည့်သွင်းအသုံးပြုသည့် ပလတ်စတစ်အိတ်၊ ဖန်ပုလင်း၊ ပလတ်စတစ်ဘူး၊ စက္ကူထုတ်၊ ပါဆယ်ထုတ်၊ အိတ်အမျိုးမျိုး အစရှိသည်တို့အပေါ်တွင်လည်းကောင်း ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုပြုလုပ်ပြီး ကုန်ပစ္စည်းများပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် ထုတ်လုပ်/ဖြန့်ဖြူး/ရောင်းချနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူပုံပွားများ တုပပြုလုပ်သုံးစွဲခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမည်အမှတ်အသားများနှင့် ပတ်သက်၍(အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (LLB) (စဉ် ၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈) သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၄၀၁၀၄၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ မဲဇလီ-ဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုနေ ဦးမြင့်စိုး (၁၂/တတန(နိုင်)၀၀၂၃၉၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးမြင့်စိုးသည် မအူပင်ခရိုင်၊ ညောင်တုန်း မြို့နယ်၊ မဲဇလီ-ဒလကျေးရွာအုပ်စုရှိကွင်းအမှတ် ၃၇၁က၊ ဦးပိုင်လုပ်ကွက်အမှတ် (၁၈/၃) (၁၉/၂) (၂၇/၃)နှင့်(၂၈/၂)တို့၏ မြေရိယာ စုစုပေါင်း ၂၂ ဒသမ ၀၁ ဧက နှင့် ယင်းမြေပေါ်ရှိ တူးဖော်ထားသော ငါးကန်များအားလုံးကို လွန်ခဲ့သော (၂၀၁၀)ခုနှစ်မှစ၍ လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့လုပ်ကိုင်နေစဉ်အတွင်း ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အိမ်အမှတ်(၅၀)နေ ဦးစိုးဝင်းဆိုသူက ကျွန်ုပ်၏မိတ်ဆွေအား မြေကွက်နှင့်စပ်လျဉ်း၍လက်ရှိလုပ်ကိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးပါရန်နှင့် လက်ရောက်ရလိုမှုကို ညောင်တုန်းမြို့နယ် တရားရုံး၌ တရားမကြီးမှုအမှတ် (၁/၂၀၁၆)ဖြင့် စွဲဆိုခဲ့ရာ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၃၊ နည်း-၁(၂)ခ)အရ အမှုကို (၂၈-၇-၂၀၁၆)ရက်၌ ရုပ်သိမ်းသွားခဲ့ပါသည်။ ထိုမှဆက်လက်၍ကျွန်ုပ်၏မိတ်ဆွေက ယခုထိ လက်ရှိထားလျက် လုပ်ကိုင်နေခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမသိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း စသည့်များမပြုလုပ်ကြရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ရွှေ ( L L . B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၀၇/၂၀၁၁) တိုက်(၁၀/၁၂)ပထမထပ်၊**
**အခန်း(၁၀၄/H)၃၅-လမ်း(အောက်)ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ ၄၅၆၆၇၃၄၉၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/4326-2M/4421 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၅၁၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းငြိမ်းထွန်း ၁၀/ကမရ (နိုင်)၀၁၃၄၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၃ ခုနှစ်တရားမကြီးမှုအမှတ် - ၉**

ဒေါ်အေးအေးချို (တရားလို) နှင့် ဦးဝင်းထိန် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ်- ၇၅၉/က နေ ဦးဝင်းထိန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်. သင်ကိုယ့်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချုံကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၂-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ ဒေါ်သန်းသန်းအေး ၁၃/တကန(နိုင်)၁၄၃၀၀၄(ဘ)ဦးရ ၏ အထွေထွေ ကိုယ်စားလှယ်စာရရှိသူ ဒေါ်သန်းထူး ၁၃/တကန(နိုင်)၀၁၉၁၁၉ ၏ ၂၆-၁-၂၀၂၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာကဏ္ဍ စာမျက်နှာ(၂၅)ပါ အများသိစေရန် အသိပေးကြေညာချက်နှင့် ပတ်သက်၍ ရှင်းလင်းခြင်းကြော်ငြာတွင် အထက်တန်းရှေ့နေများဖြစ်သော ဒေါ်နော်အယ်ဆဲကပေါ် ၏ လိုင်စင်နံပါတ်အား (စဉ်-၄၇၈၉၈) အစား (စဉ်-၄၇၈၉၀) ဟုလည်းကောင်း၊ ဒေါ်ဟေမာန်ဖြိုး ၏ လိုင်စင်နံပါတ်အား (စဉ်-၅၃၁၉၀) အစား (စဉ်-၅၃၁၉၈) ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်းနေ ဒေါ်တင်တင်အေး ၁၄/လပတ(နိုင်)၀၆၁၁၀၁ ၏သား မောင်ဖြိုးဟန်ကျော် ၁၄/လပတ(နိုင်)၁၄၅၆၀၈သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်၍ ၎င်းသဘောဆန္ဒအလျောက် ပြုမူသွားပါသောကြောင့် ယနေ့မှ စ၍ ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်တင်တင်အေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၃၂၉၇ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စည်သူကျော် ၇/သကန(နိုင်)၁၁၃၆၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

# ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ









မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး | ပိဋကတ်ကျောက်စာဓမ္မစေတီတော် (ကျောက်စာချပ်-အလျား ၄၅"၊ အမြင့် ၉၃"၊ အထူ ၇. ၂")၂ ချပ်ပါ | ပိဋကသုံးပုံ(၁)စုံလျှင် (၄၀)အုပ် (ပါဠိရိုမန်အင်္ဂလိပ်/ပါဠိမြန်မာ) | အလှူရှင်၏ကမ္ပည်းမှတ်တမ်း

၁။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင်ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)တို့ကို ပါဠိမြန်မာ၊ ပါဠိရိုမန်အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင်ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဥရောပနိုင်ငံမှ ထုတ်လုပ်သော(Creamy)အမျိုးအစားစက္ကူ 60 gsm၊ သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျစိစစ်ပြုစုပုံနှိပ်ပြီး ကျမ်းစာအုပ်(၄၀ အုပ်) (၁)စုံလျှင် (၁၂)သိန်းကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ရေးနှိုးဆော်ခဲ့ရာ အလှူရှင်ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာ ထည့်ဝင်လှူဒါန်းခဲ့ကြသောကြောင့် ၅၀၀ စုံ(၂၀၀၀၀ အုပ်)အတွက် လှူဒါန်းပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဒုတိယအကြိမ်အဖြစ် ဘာသာရေးကျမ်းစာအုပ်များကိုသာ ပုံနှိပ်ရန်အတွက် သန့်ရှင်းသောမြေပေါ်တွင် သီးသန့်စိုက်ပျိုးထားသည့် ထင်းရှူးပင်မှရသော ကုန်ကြမ်းအား အသုံးပြုပြီး အထူးအမှာစာပေးပို့မှာယူရသည့် ဂျပန်နိုင်ငံထုတ်(Creamy Coated Paper)ဖြင့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)၅၀၀ စုံ(၂၀၀၀၀ အုပ်)တို့ကို ထပ်မံထုတ်ဝေပူဇော်ပြီး လိုအပ်နေသေးသည့် ထေရဝါဒဗုဒ္ဓဘာသာသင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့် လှူဒါန်းလိုပါကလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုပါက ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည်ကမ္ပည်းမှတ်တမ်းအား** အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)(၁)စုံလျှင် (၂၀)သိန်းကျပ်နှုန်းဖြင့် အင်းဝဘဏ်ငွေစာရင်းအမှတ်-၁၀၀၀၁၀၀၀၁၄၄၄၄၀၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်- ၁၁၀၀၁၀၀၀၀၀ ၂၇၇၇၂ နှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်- ဝ၃၄၃ဝ၄ဝ၃၄ဝ ၂၇၁၉၂ဝ၁ တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်း နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်-

ဆက်သွယ်လှူဒါန်းရန်၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော-ဝ၉-၆၅ဝ၁၉၉၉၉၆၊ ဝ၃၆-၃၁ဝဝ၅

ဦးစိုးလွင်ကျော်-ဖုန်း-ဝ၉-၆၉၁ဝဝဝ၉၆၉၊ ဝ၉-၄၅ဝဝ၇ဝဝ၂၉၊ ဒေါ်အေးအေးကြည်-ဖုန်း-ဝ၉-၄၂၉၇၂၂၅၄၈၊ ဝ၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ပိဋကတ်ကျောက်စာဓမ္မစေတီတော်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၈၀၁။ | ဦးတင်ဦးလွင်(ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ၊ မြို့တော်ဝန်)နှင့်ဇနီး ဒေါ်မေမြင့်မောင်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ပထမအကြိမ်) | ၁၅၀၀၀၀၀၀ |
| ၃၈၀၂။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဗိုလ်ချုပ်သိုက်စိုးနှင့်ဇနီး ဒေါ်ဝင်းမင်းသိန်း၊ (သား)မောင်ရဲရင့်မြတ်မင်း၊ (သမီး)မရွှေရည်မို့မို့မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၈၀၃။ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၅)သူငယ်ချင်းများနှင့် မိသားစုဝင်များကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ပထမအကြိမ်) | ၅၀၀၀၀၀၀ |
| ၃၈၀၄။ | ဝဏ္ဏကျော်ထင် ဦးမြင့်အောင်(တရားရုံးချုပ်တရားသူကြီး-ငြိမ်း) နှင့်ဇနီး ဒေါ်လှလှသန်း၊ (သား)ဗိုလ်မှူးငြိမ်းချမ်းအောင်(ငြိမ်း)၊ (သား)ဦးအေးချမ်းအောင် မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၈၀၅။ | ကွယ်လွန်ပြီးသော နှစ်ဖက်မိဘဘိုးဘွားများနှင့် ဦးမြတ်ဦးအား ရည်စူး၍ ဒေါ်ခင်ဦးမိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၈၀၆။ | Yangon Engineering Group Co.,Ltd ကောင်းမှု (ဓမ္မစေတီတော်-၃ ဆူ) | ၈၃၇၀၀၀၀၀ |
| ၃၈၀၇။ | ဦးဝဏ္ဏဇော်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၈၀၈။ | ဦးအောင်နိုင်မိုးအားရည်စူး၍ ဒေါ်အေးသန်း၊ (သား)ဦးအောင်ကျော်ဇော+ဒေါ်အိမွန်ဆွေ၊ (သမီး)ဦးသက်နိုင်ကျော်+ဒေါ်မိုးမြင့်အေး မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၂၄၉၀၀၀၀၀ |
| ၃၈၀၉။ | နှစ်ဖက်မိဘနှင့်ဆွေမျိုးများအားရည်စူး၍ ဓာတ်ပုံညောင်ဦး သန်းဌေး+ဒေါ်အမာမြင့်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၃၀၀၀၀၀၀ |
| ၃၈၁၀။ | နှစ်ဖက်မိဘနှင့်ဆွေမျိုးများအားရည်စူး၍ ဦးသန်းရွှေ+ဒေါ်ခင်တုတ်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၃၀၀၀၀၀၀ |

### သာသနိကအဆောက်အဦ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၈၁၁။ | ထိုင်းဘုရင့်တပ်မတော်ကောင်းမှု | ထိုင်းဘတ် ၁၀၀၀၀၀၀ |
| ၃၈၁၂။ | ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) (ဂန္ထကုဋီတိုက်၊ ကျောက်ထွင်းပန်းချီ၊ ဆိုလာ တတိယအကြိမ်) | ၃၀၀၀၀၀၀၀ |
| ၃၈၁၃။ | ဦးကျော်မြင့်နှင့်(သား) ဦးသက်နိုင်ဦးတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၆၀၀၀၀၀ |
| ၃၈၁၄။ | ဦးမင်းဇော်ဦး+ဒေါ်ချိုချိုဝင်း(သမီး)မဟန်နီဇော်မိသားစု (ကြွေပြား-၁ ကျင်း) | ၂၀၀၀၀၀ |
| ၃၈၁၅။ | မောင်စိုးဝင်းနှင့်မခင်မြင့်ချိုတို့အားရည်စူး၍ (အစ်မ)ဒေါ်တင်ရီကောင်းမှု (Garden Light-၁ တိုင်) | ၁၂၀၀၀၀ |
| ၃၈၁၆။ | ဒေါက်တာခင်မာစန်း | ၁၀၀၀၀၀ |
| ၃၈၁၇။ | ဦးဇော်မင်းအုန်း+ဒေါ်စန်းစန်းမော်မိသားစု (သုံးခွမြို့) | ၁၀၀၀၀၀ |
| ၃၈၁၈။ | ဒေါ်ဂုဏဝတီ(အောင်ဗောဓိရိပ်ငြိမ်ကျောင်းတိုက်) | ၁၀၀၀၀၀ |
| ၃၈၁၉။ | ဒေါ်ဥတ္တရစာရီ(အောင်ဗောဓိရိပ်ငြိမ်ကျောင်းတိုက်) | ၁၀၀၀၀၀ |
| ၃၈၂၀။ | ဒေါ်ခင်စောအားရည်စူး၍ ဦးမောင်မောင်လွင်မိသားစုကောင်းမှု (မန္တလေးမြို့) | ၁၀၀၀၀၀ |
| ၃၈၂၁။ | (ဦးမဲ(ခ)ဦးကျော်သိန်း)+ဒေါ်ကြည်ကောင်းမှု (ပဲခူးမြို့) | ၁၀၀၀၀၀ |
| ၃၈၂၂။ | ဦးထွန်းညွန့်+ဒေါ်သန်းမြင့်ကောင်းမှု | ၁၀၀၀၀၀ |
| ၃၈၂၃။ | ဦးသော်၊ (သမီး)ဒေါ်ခင်အေးကောင်းမှု (မြန်အောင်မြို့) | ၁၀၀၀၀၀ |
| ၃၈၂၄။ | ဦးသာစည်+ဒေါ်တင်ကြည်၊ စိန်စွန်ညိုစာပေမိသားစုကောင်းမှု (သထုံမြို့) | ၁၀၀၀၀၀ |
| ၃၈၂၅။ | ဦးညိမ်းမောင်(ပုလဲနှင့်ငါးမွေးမြူရေး)ကောင်းမှု (တွံတေးမြို့) | ၁၀၀၀၀၀ |
| ၃၈၂၆။ | ဒေါ်နှင်းရီအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၃၅၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၈၂၇။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်ချုပ်ကြီး သီဟသူရမဟာသီရိသုဓမ္မ ဦးတင်အောင်မြင့်ဦး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စောနှင်း၊ (သား)ဗိုလ်မှူး တေဇစောဦး(ငြိမ်း)+ဒေါ်နှင်းရည်မွန်၊ (မြေး)မရွှန်းလက်နှင်းဦး၊ မရတီနှင်းဦး၊ မောင်ဉာဏ်ဘုန်းဦးမိသားစု (အထူး Bibble Paper စက္ကူ ကျမ်းစာအုပ်-၂ စုံ) | ၄၀၀၀၀၀၀ |
| ၃၈၂၈။ | အစ်မကြီး ဒေါ်မူမူ၊ ဗိုလ်ချုပ်သရေစည်သူမြင့်အောင်(ငြိမ်း) နှင့်ဇနီး ဒေါ်သဇင်ခိုင်၊ သားသမီးမြေးတစ်စု (အထူး Bibble Paper စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၃၈၂၉။ | သီရိပျံချီသီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဦးနှင့်ဇနီး ဒေါ်သီတာဌေး၊ (သား)မောင်အောင်ဌေးဦး+မလင်းလင်းမွန်၊ (မြေး)မဖူးမြင့်မြတ်ချယ်၊ မသက်ထားစံ၊ (သား)မောင်ဇေယျာဦး+မခင်ခင်သိန်း၊ (မြေး)မောင်ပြည့်စုံဦး၊ မောင်ဇေယျာပြည့်ဦးမိသားစု (အထူး Bibble Paper စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၃၈၃၀။ | နှစ်ဖက်မိဘများအားရည်စူး၍ ဗိုလ်မှူးထင်ကျော် နှင့်ဇနီး ဒေါ်ခင်မျိုးကြွေမိသားစု (အထူး Bibble Paper စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၃၈၃၁။ | ဦးလှထွန်းအောင်(ကြီးပွားချမ်းသာကုမ္ပဏီမိသားစု) (အထူး Bibble Paper စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၃၈၃၂။ | ဦးရန်နိုင်ထွန်းနှင့်ဇနီး ဒေါက်တာဥမ္မာလှိုင်၊ (သား)မောင်အောင်ပြည့်ဖြိုးမြင့်၊ မောင်ဟိန်းဇော်ထွန်း၊ မောင်ရဲဇေယျာထွန်းမိသားစု (Creamy စက္ကူ ကျမ်းစာအုပ်-၅ စုံ) | ၆၀၀၀၀၀၀ |
| ၃၈၃၃။ | ဒုတိယဗိုလ်မှူးကြီးအောင်မြင့်သွင်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်ဌေး၊ (သား)ဗိုလ်ကြီးဖုန်းမြင့်ကို(ခ)ဒေါက်တာနေမျိုးအောင်၊ ဗိုလ်မှူးကျော်စွာလင်း(ငြိမ်း)၊ ဗိုလ်ကြီးဖုန်းမြင့်သွင်(ငြိမ်း)မိသားစု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၈၃၄။ | ဦးဝဏ္ဏဇော်မိသားစု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |




## လေလံလျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် ပဲခူးမြို့ ရှင်စောပုရပ်ကွက်၊ ရွှေမော်ဓောဘုရားလမ်း၊ မြေကွက်အမှတ် (၂၉)၊ ခြံအမှတ်(၃၂၂)၊ (၇၆' x ၁၄၈')အဆောက်အအုံ (၄)လုံး

| | | |
|---|---|---|
| လေလံလျှောက်လွှာရောင်းချမည့်ရက် | - | ၁၇-၂-၂၀၂၃ရက်မှ ၂၃-၂-၂၀၂၃ရက် |
| လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် | - | ၂၃-၂-၂၀၂၃ရက်၊ ညနေ ၄နာရီ |
| လေလံတင်ရောင်းချမည့်ရက် | - | ၂၄-၂-၂၀၂၃ရက်၊နံနက် ၁၀နာရီ |
| လေလံလျှောက်လွှာများရောင်းချမည့်နေရာ | - | ပဲခူးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်ရုံး၊ တပ်မ(၇၇)လမ်း၊ ကျောက်တွင်းကုန်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့ |
| လေလံလျှောက်လွှာထည့်သွင်း ဖွင့်ဖောက်မည့်နေရာ | - | ရှင်စောပုခန်းမ တပ်မ(၇၇)လမ်း၊ ကျောက်တွင်းကုန်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့ |
| ဆက်သွယ်ရမည့် ဖုန်း | - | ၀၅၂-၂၂၂၁၈၄၁၊၀၅၂-၂၂၂၃၉၅၁ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မန္တလေး)

၁။ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် လုံခြုံရေးဝန်ထမ်းဝန်ဆောင်မှုလုပ်ငန်း ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။

| | | |
|---|---|---|
| အဆိုပြုလွှာစတင်ရောင်းချမည့် ရက်နှင့်အချိန် | - | ၁၆-၂-၂၀၂၃ရက်မှ ၁-၃-၂၀၂၃ရက်အထိ ညနေ ၄နာရီထိ |
| အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန် | - | ၃-၃-၂၀၂၃ရက်၊ ညနေ ၄နာရီထိ |
| အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - | ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(မန္တလေး) |
| တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်နှင့်အချိန်နေရာ | - | ထပ်မံကြေညာပါမည် |

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် သတ်မှတ်တင်ဒါအာမခံကြေး PO ကို အိတ်ဖွင့်တင်ဒါတင်သွင်းသည့် ပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက နည်းပညာတက္ကသိုလ်(မန္တလေး)၏ ဖုန်း-၀၉-၂၅၆၁၂၉၈၆၊ ၀၉-၉၇၇၇၉၉၉၃၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မန္တလေး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

